# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 24 January 2017 (၈၈၁၆)


**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

# NCA လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသည့် အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆွေးနွေးလျက်ရှိ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို တိုင်းရင်းသားပြည်သူများ ရရှိခံစားလာနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ငြိမ်းချမ်းရေးမရရှိဘဲ အချိန်ကြာမြင့်နေပါက တိုင်းပြည်နှင့်လူထု နစ်နာရမည်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် တိုင်းရင်းသားနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တိုက်တွန်းမှု၊ ခိုင်းစေမှု၊ ဖိအားပေးမှု တစ်စုံတစ်ရာမရှိဘဲ မိမိအသိစိတ်ဓာတ်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူ ကိုရာဇာဟိန်းအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ကြောင်း ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတ စေတနာရှင်များ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ "ပြည်သူသို့ ကျေးဇူးတင်လွှာ" ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မူးယစ်ဆေးဝါးစိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်း ဖမ်းဆီးရမိရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် ကိုရာဇာဟိန်းကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇန်နဝါရီ ၂၂ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အပြောင်းအလဲများ ထင်သာမြင်သာဖြစ်ပေါ်လာစေရေး အလေးပေးဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံး လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးသည်လည်း အဓိကရည်မှန်းချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့်နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်ပတ်သက်သည့် ရှုပ်ထွေးလှသော နောက်ခံအခြေအနေများအရ ရောင်းဝယ်ဖောက်ကားမှုများ ကြီးထွားနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခြင်းကြောင့် တရားဥပဒေစိုးမိုးမှုနည်းပါးကာ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုများလျော့ရဲခဲ့သည့်အလျောက် စိန်ခေါ်မှုများစွာ တည်ရှိနေဆဲဖြစ်ပါသည်။

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ၏ တိုးတက်အောင်မြင်မှုများမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာ သိသိသာသာ လျော့နည်းကျဆင်းစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးမူဝါဒနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများအကြား မူးယစ်ဆေးအမျိုးအစားသစ်များ ပေါ်ထွက်လာမှု အပါအဝင် လူမှု-စီးပွားဘဝ အခြေအနေများအပေါ် သက်ရောက်မှုကြီးမားလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မျိုးဆက်သစ်လူငယ်များအတွင်း မူးယစ်ဆေးဝါးအသုံးပြုမှုများ၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်မှုခင်းများ လျော့နည်းကျဆင်းစေရန် **စာမျက်နှာ ၉ ကော်လံ ၁ သို့**


အန္တရာယ်ကို ကြိုတင်ကာကွယ်ပါ...

ကျွမ်းကျင်သောတပ်ဆင်ရေးဝန်ထမ်း ဖြင့်အိမ်အရောက် တပ်ဆင်ပေးသည်။

MR.SCREEN®

SHIELD Security Screen Doors & windows (လုံခြုံရေး ခြင်လုံသံပန်း)

BFF System (လျှောက်လမ်းမဲ့ ဘာဂျာခြင်လုံဇကာ)

Roll-Up™ (အပေါ်လိပ် ခြင်လုံဇကာ)

အမှတ်(၀၀၁-၈/မြောက်)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်(ILBC မျက်စောင်းထိုး)၊ ရန်ကုန်။ 01-400434, 09 45130 9011, 09 45130 9012

ကြေးမုံ

# ကျွမ်းကျင်လုပ်သားဆိုင်ရာမူဝါဒ

နိုင်ငံခြားသားအလုပ်သမားများက အစဉ်အလာအရ ကျွမ်းကျင်လုပ်သားအဖြစ် မသတ်မှတ်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကဲ့သို့သော လုပ်ငန်းမျိုး၌ အလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြခြင်းသည် အလေးအနက်ထား သုံးသပ်ရမည့်ကိစ္စဟု ယူဆပါသည်။ နိုင်ငံခြားသားအလုပ်သမားများတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်နိုင်စွမ်းရှိသော အလုပ်အကိုင်မျိုးကို လုပ်ကိုင်သည့် အလုပ်သမားများနှင့် နည်းပညာအရ မြန်မာအလုပ်သမားများ လုပ်ကိုင်နိုင်စွမ်းမရှိသော အလုပ်အကိုင်မျိုးကို လုပ်ကိုင်သည့် အလုပ်သမားများဟူ၍ နှစ်မျိုးတွေ့ရှိရပါသည်။ မြန်မာအလုပ်သမားများ လုပ်ကိုင်နိုင်စွမ်းရှိသည့် အလုပ်အကိုင်မျိုး၌ပင် မြန်မာအလုပ်သမားတို့၏ ကျွမ်းကျင်မှုနှင့် စည်းကမ်းလိုက်နာမှုသည် နိုင်ငံခြားသားအလုပ်သမားတို့ကို မမီဟု လုပ်ငန်းရှင်တို့က ဆိုကြပါသည်။

မြန်မာအလုပ်သမား လုပ်ကိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းမျိုး၌ နိုင်ငံခြားသားအလုပ်သမားတို့ ဝင်ရောက်လုပ်ကိုင်ခြင်းကို ပိတ်ပင်ဟန့်တားသင့်ကြောင်း အဆိုပြုတင်ပြလိုပါသည်။ အဆိုပါလုပ်ငန်းအမျိုးအစားတို့၌ မြန်မာအလုပ်သမားတို့၏ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ခြင်းကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့နှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိသော နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်းလက်တွဲဆောင်ရွက်သင့်ပါသည်။ မြန်မာအလုပ်သမားများ တတ်ကျွမ်းခြင်းမရှိသေးသည့် ခေတ်မီနည်းပညာများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက စီးပွားရေးလုပ်ငန်းရှင်များဖြင့် ညှိနှိုင်းတိုင်ပင်လျက် ဦးစားပေးပြုစုပျိုးထောင်သင့်သည့် နယ်ပယ်များကို ရွေးချယ်သတ်မှတ်ပြီး မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော်သင့်ပါသည်။ နိုင်ငံတော်ပိုင် ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးကိုသာ ပံ့ပိုးပေးမည်ဟူသော နိုင်ငံတော်အစိုးရ၏ လက်ရှိမူဝါဒကိုလည်း ပြန်လည်သုံးသပ်သင့်ပါသည်။

မြန်မာနိုင်ငံရှိ အလုပ်သမားများသည် နေ့စဉ်ရရှိသော ဝင်ငွေအပေါ် မှီခိုရပ်တည်ကြရသူများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာကျွမ်းကျင်မှုအဆင့်မြှင့် သင်တန်းများတက်ရောက်ရန် အခကြေးငွေပေးနိုင်မည်မဟုတ်ပါ။ သင်တန်းကာလအတွင်း သက်ဆိုင်ရာအလုပ်သမားတို့၏ မိသားစုအတွက် မည်သို့မည်ပုံပံ့ပိုးမည်ဟူသောအချက်ကိုလည်း ထည့်သွင်းသုံးသပ်သင့်သည်ဟု ယူဆပါသည်။ အလုပ်သမားတို့၏ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေး သင်တန်းများသည် လက်တွေ့လုပ်ငန်းခွင် ကျွမ်းကျင်မှုရရန် သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် သင်ကြားရသည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှု ကြီးမားပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက မူဝါဒချမှတ်၍ ဦးဆောင်ပံ့ပိုး အကောင်အထည်ဖော်မှသာ တိုင်းပြည်၏စီးပွားရေးကဏ္ဍတစ်ခုချင်းအလိုက် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားတို့ကို အပြည့်အဝ မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

အာဆီယံစီးပွားရေးရပ်မြို့(AEC) ကို လက်တွေ့ကျင့်သုံးသည့် အချိန်တွင် အာဆီယံနိုင်ငံများရှိ အလုပ်သမားများသည် ကြိုက်နှစ်သက်ရာအာဆီယံနိုင်ငံ၌ ဝင်ရောက်လုပ်ကိုင်ခွင့်ရှိသည်ဖြစ်၍ မြန်မာအလုပ်သမားတို့၏ကျွမ်းကျင်မှုကို အာဆီယံနိုင်ငံတို့ရှိ အလုပ်သမားတို့၏ကျွမ်းကျင်မှုနှင့် ပခုံးချင်းယှဉ်နိုင်ရေးသည် အမျိုးသားရေးလိုအပ်ချက်ဖြစ်ပါသည်။ အဆိုပါအမျိုးသားရေး လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒချမှတ်၍ ဦးဆောင်ပံ့ပိုးအကောင်အထည်ဖော်ပေးပါရန် လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။

2017
NOBEL-MYANMAR LITERARY FESTIVAL
[Creative Literature]
နိုဘယ်လ်–မြန်မာ စာပေပွဲတော်
၂၀၁၇၊ ရသစာပေ
၂၀၁၇ ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄
အမျိုးသားဗာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့

## တရားခံဖမ်းနည်း (ဆင့်ပွား)သင်တန်းဆင်း

**ကျောက်ဆည် ဇန်နဝါရီ ၂၃**

အနီးကပ်ခုခံကာကွယ်သောတရားခံများအား ဖမ်းဆီးနည်း ဆင့်ပွားသင်တန်းဆင်းပွဲကို ကျောက်ဆည်မြို့နယ် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီကပြုလုပ်ခဲ့ရာ ခရိုင်ရဲမှူးကြီး ဒု-ရဲမှူးကြီး မင်းနောင်က သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချပေးသည်များကို အမြဲမပြတ်လေ့ကျင့်သွားကြရန်နှင့် လုပ်ငန်းအတွက် လိုအပ်လာပါက အသုံးပြုသွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားများက သင်တန်းတွင်ပို့ချပေးခဲ့သော ခုခံကာကွယ်သောတရားခံများအား ဖမ်းဆီးနည်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့စခန်းများမှ ဒုရဲမှူးအဆင့်အရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မူလတန်းသင်ရိုးသစ် မိတ်ဆက်ခြင်းဆိုင်ရာ ကြီးကြပ်သူများဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

မူလတန်းသင်ရိုးသစ်မိတ်ဆက်ခြင်းဆိုင်ရာ ကြီးကြပ်သူများဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ အုပ်ချုပ်မှုသင်တန်းကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးသည် ပညာရေးတွင် အဓိကအရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဆရာ ဆရာမကြီးများအား မှာကြားလိုသည်မှာ စာမေးပွဲများ နီးကပ်လာပြီဖြစ်သည့်အတွက် မေးခွန်းများ မှားယွင်းမှုမရှိစေရန် အရေးကြီးပါကြောင်း၊ အလယ်တန်းပညာ သင်ယူပြီးမြောက်ရေးအတွက် မေးခွန်းများပြုစုရာတွင် ဝါရင့်ကျွမ်းကျင်သည့် ဆရာ ဆရာမကြီးများအား တာဝန်ပေးအပ်ရန် လိုအပ်ပါကြောင်း၊ မေးခွန်းများ မပျောက်ပျက် မပျက်စီးစေရန်နှင့် စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် အလေးအနက်ထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မူလတန်းပညာ သင်ယူပြီးမြောက်ရေးစာမေးပွဲတွင် မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများအတွက် မေးခွန်းများမှားယွင်းမှုမရှိစေရေး စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ စာမေးပွဲအဖြေလွှာများစစ်ဆေးရာတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်သူများအား ရွေးချယ်စေလွှတ်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ ကျောင်းထွက်သွားခြင်းမရှိစေရန်နှင့် ကျောင်းထွက်မှုနှုန်းလျော့ကျစေရန် အရေးကြီးပါကြောင်း။

ကျောင်းသား ကျောင်းသူများ ကျောင်းတွင် ပျော်ရွှင်မှုရှိစေရန် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများဖန်တီးရန် ဆရာ ဆရာမများအပေါ်တွင် မူတည်ပါကြောင်း၊ ကျောင်းများတွင် ကွမ်း၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးကင်းစင်စေရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ ကြုံတွေ့နေရသည့် အခက်အခဲများကို ကျောင်းအုပ်ကြီးများက လိုအပ်ချက်များကို စာရင်းပြုစုပြီး ဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအား သိပ္ပံဘာသာရပ်များ အရည်အသွေးတိုးတက်မြင့်မားစေရေး ပြုစုပျိုးထောင်ရန်လိုအပ်ပါကြောင်း၊ ကျောင်းထောက်ပံ့ကြေးများကို စနစ်တကျအချိုးညီမျှစွာ၊ အကျိုးရှိစွာ သုံးစွဲဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အလားတူ မူလတန်းသင်ရိုးသစ်မိတ်ဆက်ခြင်းဆိုင်ရာကြီးကြပ်သူများဆွေးနွေးပွဲ ပထမအကြိမ်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ အုပ်ချုပ်မှုသင်တန်းကျောင်း၌ ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။ ဆက်လက်၍ ပထမတန်းသင်ရိုးသစ် ဗဟိုအဆင့်သင်တန်းဆွေးနွေးပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ဒုတိယအကြိမ်အဖြစ် စုစုပေါင်းအင်အား ၂၉၂ ဦးဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သင်တန်းဆွေးနွေးပွဲကို မတ် ၂၄ ရက်မှ ဧပြီ ၈ ရက်အထိ စုစုပေါင်းအင်အား ၄၀၀၀ ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်သင်တန်းဆွေးနွေးပွဲကို ဧပြီ ၂၄ ရက်မှ မေ ၉ ရက်အထိ စုစုပေါင်းအင်အား ၄၇၀၀၀ ဖြင့်လည်းကောင်း၊ ကျောင်းမိသားစုအဆင့် သင်တန်းဆွေးနွေးပွဲကို မေ ၁၁ ရက်မှ မေ ၂၄ ရက်အထိ မူလတန်းအဆင့်သင်ဆရာ ဆရာမ စုစုပေါင်း အင်အား ၂၅၀၀၀၀ ဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်သည်။**(သတင်းစဉ်)**

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်



**ဘီးလင်း ဇန်နဝါရီ ၂၃**

သထုံခရိုင်ရဲတပ်ဖွဲ့၏မှုခင်းပညာပေးပြခန်းယာဉ်သည် ဇန်နဝါရီ တတိယပတ်က ဘီးလင်းမြို့နယ် တောင်စွန်းနယ်မြေရဲစခန်းမှ ရဲအုပ်ဟန်တင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များဖြင့် ဇုတ်သုတ်ကျေးရွာ အထက်တန်းကျောင်းရှေ့၌ ပြသခဲ့သည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဉ်၌ပါဝင်သည့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများ၊ မှတ်တမ်းဓာတ်ပုံများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများက ကြည့်ရှုခဲ့ကြပြီး တောင်စွန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင် | **သတင်းထောက်မှူး** - ဦးငွေအောင် | **အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့် |
| **စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင် | **ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော် | |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း | **အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း | **ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း<br>**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

(Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေး မကြာမီကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် ပူးတွဲဆောင်ရွက်လိုကြောင်း၊ မကြာသေးမီက ကရင်ပြည်နယ်တွင် ကျင်းပခဲ့သော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ အောင်မြင်ပါကြောင်း၊ ပြည်သူများ၏ ပါဝင်မှုမှာလည်း အားရကျေနပ်ဖွယ်ရာကောင်းမွန်ကြောင်း၊ ဆက်လက်ပြီး အခြားသောနေရာဒေသများတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ တစိုက်မတ်မတ်ပြုလုပ်ရေးကို အခြေခံ၍ စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေထွက်လာမည်ဟု ယုံကြည်ထားပါကြောင်း၊ လူအများပြောကြားနေသည့် ယုံကြည်မှုတည်ဆောက်ရေးတွင် ပထမဆုံးအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိရန် အထူးအရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဝင်ရောက်ရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုရှိရန်လိုအပ်ကြောင်း၊ မည်သည့်အရာတွင်မဆို အောင်မြင်မည်ဟု တစ်ထစ်ချရာနှုန်းပြည့် သေချာမှုရှိရန် မလွယ်ကူသော်လည်း အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်မည်ဟု မိမိကိုယ်ကို အပြည့်အဝယုံကြည်မှုထားရှိရန် လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခွင့်ရရှိသည့်အတွက် အင်အားများဖြစ်ပေါ်စေကြောင်း၊ စိတ်အားထက်သန်မှုများလည်းရရှိပါကြောင်း၊ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို တိုင်းရင်းသားပြည်သူများရရှိခံစားနိုင်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှု တိုးမြှင့်ရရှိလာနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွားနေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်နိုင်မှု၊ မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးတွင် ခိုင်မာသောရလဒ်များ ထွက်ပေါ်လာရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသော တိုင်းရင်းသားနယ်မြေဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်တွင်း၊ ပြည်ပကူညီထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်အချို့၏ အမှုအခင်းများ၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အစိုးရဘက်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့မှ ခေါင်းဆောင်များဖြစ်ကြသည့် စောမူတူးဆေးဖိုး၊ ခွန်ဥက္ကာ၊ ဦးခိုင်စိုးနိုင်အောင်၊ ရဲဘော်သံခဲ၊ အကြံပေးပုဂ္ဂိုလ် စိုင်းခွန်းဆေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ-နယ်သာလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Wouter Robert Marie Jurgens အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နယ်သာလန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

# ရေကြည်၌ ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပ

**ရေကြည် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပညာရေးဝန်ထမ်းများပူးပေါင်းလျက် ယနေ့လူငယ်နောင်ဝယ်လူကြီး ဖြစ်လာကြမည့် အနာဂတ်၏ခေါင်းဆောင်များ၊ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရေးအတွက် မိမိကိုယ်ကို ယုံကြည်မှုစိတ်ခွန်အားများ မြှင့်တင်ပေးသော လူမှုအခြေပြု စာကြည့်တိုက်ဝန်ဆောင်မှု မူလတန်းအဆင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲ၌ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထွေးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ
ဇန်နဝါရီ ၂၄၊ ၂၀၁၇

# ကာဇက်စတန်တွင် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပ




**အက်စ်တာနာ ဇန်နဝါရီ ၂၃**
ရုရှားနှင့် တူရကီနိုင်ငံတို့ဦးဆောင်သည့် ဆီးရီးယားအစိုးရ ကိုယ်စားလှယ်များနှင့် အစိုးရဆန့်ကျင်တိုက်ခိုက်ရေးအဖွဲ့များ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ကျင်းပနေပြီဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့တော်တွင် တနင်္လာနေ့က စတင်ကျင်းပခဲ့သည်။ ဆီးရီးယားအစိုးရနှင့် သမ္မတ ဘာရှားအယ်လ်အာဆတ်ကိုထောက်ခံသည့် ရုရှားနိုင်ငံနှင့် သူပုန်အုပ်စုများကိုထောက်ခံသည့် တူရကီနိုင်ငံတို့က ကြားဝင်ဖျန်ဖြေပြီး လွန်ခဲ့သည့်လတွင် ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲနိုင်ခဲ့သည်။

ဆွေးနွေးပွဲအစတွင် ကာဇက်စတန်သမ္မတ နူးဆော်လ်တန် နဇက်ဘိုင်ယက်ဗ်၏ သဝဏ်လွှာကိုဖတ်ကြားခဲ့သည်။ ၎င်းက ယခုညှိနှိုင်းဆွေးနွေးပွဲမှာ ငါးနှစ်ကျော်ကြာပြီဖြစ်သည့် ဆီးရီးယားပြည်တွင်းစစ်ကို ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးစားအားထုတ်မှု ရလဒ်ဖြစ်သည်ဟု ဆိုသည်။ ယင်းဆွေးနွေးပွဲသို့ ဆီးရီးယားနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး ဘာရှားဂျဖာရီနှင့် သူပုန်အုပ်စုများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် နှစ်ဖက်အဖွဲ့အစည်းကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ဒီဇင်ဘာလနှောင်းပိုင်းက ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲမှုရလဒ်များ ပိုမိုအားကောင်းလာစေရန် ဆွေးနွေးခဲ့ကြသည်။

မြောက်ပိုင်းအလက်ပိုမြို့ကို အစိုးရက ထိန်းချုပ်နိုင်ပြီးနောက် ပြည်တွင်းစစ်ပွဲတွင် ဆီးရီးယားအစိုးရ အရေးသာမှုဖြင့် အဆုံးသတ်နိုင်ရန် ရုရှားနိုင်ငံက မျှော်လင့်နေသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ သူပုန် အုပ်စုများကလည်း ယင်းအချက်ကို အာရုံစိုက်ပြီး အခြားသော ရနိုင်သမျှတောင်းဆိုမှုများပြုလုပ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။ ဆွေးနွေးပွဲသည် အင်္ဂါနေ့တွင် ပြီးဆုံးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အင်တာနက်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ်ကို တရုတ်နိုင်ငံ ထူထောင်

**ပေကျင်း ဇန်နဝါရီ ၂၃**
တရုတ်နိုင်ငံသည် အင်တာနက်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်ရန် ယွမ်ငွေ ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၅ ဘီလီယံ) ပမာဏရှိ ရန်ပုံငွေတစ်ရပ်ကို ထူထောင်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။




တရုတ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရန်ပုံငွေထူထောင်ခြင်းဖြစ်ပြီး ရန်ပုံငွေထူထောင်ရသည့်ရည်မှန်းချက်မှာ တရုတ်နိုင်ငံအား အင်တာနက်နည်းပညာအရ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာစေရန် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိုင်စီဘီစီ တရုတ်မိုဘိုင်းကုမ္ပဏီနှင့် တရုတ်ယူနီကွမ်းကုမ္ပဏီတို့အပါအဝင် ထိပ်တန်းဘဏ်လုပ်ငန်းနှင့်ဆက်သွယ်ရေးကုမ္ပဏီတို့၏ ထည့်ဝင်ငွေများဖြင့် ကနဦး မတည်ငွေရင်း ယွမ် ၃၀ ဘီလီယံရှိ ရန်ပုံငွေကို ထူထောင်ပြီးဖြစ်သည်။ အဆိုပါရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် ယွမ် ဘီလီယံ ၁၅၀ကို ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်သည်ဆို၏။

တရုတ်နိုင်ငံသည် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကာလတွင် ယွမ်ငွေ ၁ ဒသမ ၂ ထရီလီယံ ရင်းနှီးမြှုပ်နှံမည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ။**

# ဆွေးနွေးရန်အတွက် နေတန်ရာဟုကို ထရန့် ဖိတ်ခေါ်

**ဝါရှင်တန် ဇန်နဝါရီ ၂၃**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုကို ဖေဖော်ဝါရီလအတွင်း ဝါရှင်တန်သို့လာရောက်ရန် ဖိတ်ခေါ်လိုက်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် တနင်္ဂနွေနေ့က ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့ကြပြီး အီရန်နိုင်ငံအရေးအပါအဝင် အရှေ့အလယ်ပိုင်းပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။ ထရန့်က အစ္စရေးနှင့် စစ်ရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် အလေးထားပြောကြားခဲ့သည်။

အစ္စရေး-ပါလက်စတိုင်းပြဿနာသည် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ကြောင်း ထရန့်က ပြောကြားသည်။ သမ္မတဟောင်း အိုဘားမားနှင့်မတူဘဲ ထရန့်သည် အစ္စရေးနိုင်ငံဘက်မှ အခိုင်အမာရပ်တည်ထောက်ခံသွားမည်ဟု ဆိုထားသည်။

ထို့ပြင် ထရန့်က အစ္စရေးနိုင်ငံရှိ အမေရိကန်သံရုံးကိုလည်း တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့သွားမည်ဟု ကတိပြုထားသည်။ ဂျေရုဆလင်မြို့သည် အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုမထားပေ။ ထရန့်ရွေးချယ်ထားသည့် သံအမတ်သည်လည်း အစ္စရေးနိုင်ငံက ပါလက်စတိုင်းနယ်မြေအတွင်း အခြေချအိမ်ရာတည်ဆောက်မှုကို အားပေးသူဖြစ်သည်။

ထရန့်က အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံ၏ လုံခြုံရေးကို အဓိကခြိမ်းခြောက်သော နိုင်ငံဖြစ်သည့်အတွက် အီရန်နှင့် နိုင်ငံတကာနျူကလီးယားသဘောတူစာချုပ်ကို ဖျက်သိမ်းသွားနိုင်သည် ဟုလည်း ယူဆရသည်။ **အင်န်အိတ်ချ်ကေ။**

# ဒေါ်နယ်ထရန့် လက်ထက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ဂျာမနီ ကြိုတင်ပြင်ဆင်မည်

**ဘာလင် ဇန်နဝါရီ ၂၃**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်လက်ထက်တွင် ဖြစ်ပေါ်လာနိုင်သည့် လှုပ်လှုပ်ရှားရှား ကာလများအတွက် မိမိနိုင်ငံ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါ်လ်တာစတိန်မေယာက ပြောကြားလိုက်သည်။

လွတ်လပ်သောကုန်သွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အတ္တလန္တိတ်သမုဒ္ဒရာတစ်ဖက်တစ်ချက်စီရှိနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးတို့မှာ မိမိတို့ အစိုးရအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ထားရမည့် အရေးအကြီးဆုံး ကိစ္စရပ်များဖြစ်ကြောင်း စတိန်မေယာက ပြောကြားသည်။

အမေရိကန်အစိုးရအဖွဲ့သစ်၏ အဖွဲ့ဝင်အချို့သည် ဂျာမနီကဲ့သို့ မဟာမိတ်နိုင်ငံများ၏ အရေးပါမှုကို သဘောပေါက်နားလည်ကြကြောင်း စတိန်မေယာက ဂျာမနီနိုင်ငံမှ ထုတ်ဝေနေသော ဘီးလ်သတင်းစာသို့ ပြောကြားသည်။

ဒေါ်နယ်ထရန့်လက်ထက် မိမိ၏နိုင်ငံအပေါ် သက်ရောက်လာနိုင်သည့် မတည်မငြိမ်အခြေအနေများအတွက် မိမိတို့ကိုယ်တိုင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့နိုင်ငံကြီးများအနေဖြင့် မိတ်ဖက်နိုင်ငံများ လိုအပ်ပုံကို အမေရိကန် အစိုးရအဖွဲ့၏ အဖွဲ့ဝင်အချို့က သိရှိလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်သည့် နောက်ဆုံးနိုင်ငံ တစ်နိုင်ငံမဟုတ်နိုင်ကြောင်း၊ တရုတ်နှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် အခွန်ကြီးလေးစွာ ကောက်ယူမည်ဖြစ်ကြောင်း စသည်ဖြင့် ထရန့်က ပြောကြားခဲ့ရာ ဂျာမနီ ခေါင်းဆောင်များမှာ စိတ်မသက်မသာဖြစ်ခဲ့ရသည်။

ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် ဥရောပခေါင်းဆောင်များက ၎င်း၏ အစိုးရအဖွဲ့သစ်နှင့် ပတ်သက်၍ ကောင်းဆိုးနှစ်ထွေ တုံ့ပြန်ပြောကြားမှုများ ပြုလုပ်ခဲ့ကြသည်ဆို၏။ **ရိုက်တာ။**

# အမေရိကန် တောင်ပိုင်း၌ မုန်တိုင်းများတိုက်ခတ်၊ လူ ၁၈ ဦးသေဆုံးပြီး လူ ၅၀ ကျော်ဒဏ်ရာရ

**ဝါရှင်တန် ဇန်နဝါရီ ၂၃**
ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် အမေရိကန်ပြည်ထောင်စုတောင်ပိုင်းတွင် လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူ ၅၀ ကျော်ဒဏ်ရာရရှိကြောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်နယ်အချို့၌ မိုးကြိုးမုန်တိုင်းများနှင့် တော်နေဒိုးလေဆင်နှာမောင်းများ ပြင်းပြင်းထန်ထန်တိုက်ခတ်ခဲ့ပြီး ဂျော်ဂျီယာပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်တို့တွင် လူ ၁၈ ဦးထက်မနည်းသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဂျော်ဂျီယာပြည်နယ်အတွင်းရှိ ကွတ်စီရင်စုတွင် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ယင်းပြည်နယ်၏ အရေးပေါ်လုပ်ငန်းအေဂျင်စီ မန်နေဂျာများက ပြောကြားကြသည်။ အထူးသဖြင့် ရွှေ့ပြောင်းအိမ်ရာ အသိုက်အဝန်းသည် ကြီးမားသော ထိခိုက်မှုနှင့် ကြုံတွေ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ ပြိုပျက်နေသည့် အဆောက်အအုံများ၊ ပျက်စီးနေသော အိမ်ခေါင်မိုးများ၊ လဲကျနေသော သစ်ပင်များ၊ အပျက်အစီး အမှိုက်သရိုက်များကို သတင်း စာခတ်ပုံများအဖြစ် တွေ့မြင်ရသည်။

ဂျော်ဂျီယာပြည်နယ် အုပ်ချုပ်ရေးမှူး နာသန်ဒီယယ်က ပြည်နယ်အတွင်းရှိ စီရင်စု ခုနစ်ခုတွင် အရေးပေါ် အခြေအနေ ထုတ်ပြန်ကြေညာခဲ့ သည်။ ဂျော်ဂျီယာပြည်နယ် တောင်ပိုင်းတွင် လေပြင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု ပြည်နယ်အစိုးရက သတိပေးချက်ထုတ်ပြန်ထားသည်။

မစ္စစ္စပီပြည်နယ်၌ ဇန်နဝါရီ ၂၁ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာတွင် လေးဦးသေဆုံးခဲ့ရပြီး ဂျော်ဂျီယာပြည်နယ်တွင် မုန်တိုင်းကြောင့် ၁၄ ဦး သေဆုံးခဲ့ရသည်။ မစ္စစ္စပီပြည်နယ်တွင် နေအိမ်အလုံးပေါင်း ၄၈၀ ခန့် ပျက်စီးခဲ့ရသည်။ **ရိုက်တာ။**



# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

ဒေါ်နယ်လ်ထရန့်က အမေရိကန်နိုင်ငံရဲ့ (၄၅)ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးဖြစ်လို့ အမေရိကန်နိုင်ငံရဲ့ တရားဝင်သမ္မတဖြစ်သွားပါပြီ။ ဒေါ်နယ်လ်ထရန့်ရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို အမေရိကန်နိုင်ငံတစ်လွှားမှာရှိတဲ့ မြို့ကြီးတွေအပါအဝင် ကမ္ဘာတစ်ဝန်း သန်းနဲ့ချီတဲ့ ဆန္ဒပြသူတွေဟာ ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ ဒီဆန္ဒပြပွဲတွေကို ခြုံကြည့်လိုက်ရင် ခန့်မှန်းထားတာထက်ကို ပိုပြီးကျယ်ပြန့်ကြီးမားကြပါတယ်။ ကမ္ဘာတစ်လွှားဒီလိုကန့်ကွက်ဆန္ဒပြမှုတွေ ၆၀၀ ကျော် ဖြစ်ပွားခဲ့တာပါ။

ဒီလိုကန့်ကွက်ဆန္ဒပြမှုတွေရဲ့ ရည်မှန်းချက်တွေကို ကြည့်လိုက်ရင် အပေါ်လွင်အထင်ရှားဆုံးကတော့ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်တွေကို မီးမောင်းထိုးဖော်ပြခဲ့တာပါ။ အမျိုးသမီးအရေးလှုပ်ရှားသူတွေအနေနဲ့ သမ္မတ ဒေါ်နယ်လ်ထရန့်လက်ထက်မှာ အမျိုးသမီးအခွင့်အရေးတွေ ခြိမ်းခြောက်ထိပါးခံရမယ်လို့ ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်နေကြတာပါ။ ဒေါ်နယ်လ်ထရန့်က သူ့ရဲ့ ပထမဆုံး သမ္မတနေ့ကို ဗဟိုထောက်လှမ်းရေးအေဂျင်စီ(CIA)ရုံးချုပ်မှာပဲ ကုန်ဆုံးစေခဲ့ပါတယ်။ ဒေါ်နယ်လ်ထရန့်က သူ့ထုံးစံအတိုင်း အကဲပိုအပိုပြောပြီး သူဟာ CIA ဝန်ထမ်းတွေရဲ့နောက်မှာ တစ်ထောင်ရာခိုင်နှုန်းရှိပါတယ်လို့ ဆိုခဲ့ပါတယ်။ မီဒီယာတွေက သူ့ကိုမထောက်ခံလို့ စိတ်ချဉ်ပေါက်နေတဲ့ ဒေါ်နယ်လ်ထရန့်က မီဒီယာတွေဟာ သူ့ရဲ့သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်လာတဲ့ လူထုပရိသတ်အင်အားကို လျှော့ပေါ့ ပြောဆိုခဲ့တယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေကိုတော့ မသိသလိုရှေင်္ငံနှုတ်ပိတ်နေခဲ့ပါတယ်။

မြို့တော် ဝါရှင်တန်မှာ ဆန္ဒပြလူထုပရိသတ်ရဲ့ စုစည်းမှုအင်အားဟာ အကြီးမားဆုံးပါ။ ဝါရှင်တန်မြို့တော်အရာရှိတွေရဲ့ ခန့်မှန်းချက်အရ လူအင်အား ငါးသိန်းကျော်ရှိပါတယ်။ ဝါရှင်တန်မှာရှိတဲ့ အမျိုးသမီးများရဲ့ ချီတက်ပွဲ (The Women's March) စည်းရုံးစီစဉ်သူတွေ နဂိုက ခန့်မှန်းထားတဲ့ အင်အားနှစ်သိန်းထက်ကို နှစ်ဆကျော်ပိုများခဲ့တာပါ။ ပြောရရင် ဒီအင်အားဟာ သောကြာနေ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို တက်ရောက်ခဲ့တဲ့ လူထုပရိသတ်အင်အားထက်ကို ပိုများပြားခဲ့တာပါ။ ဆန္ဒပြလူထုပရိသတ်ကို အမေရိကန်ရုပ်ရှင်မင်းသမီးတွေဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်နဲ့ အမေရိကားဖဲရီရာတို့အပါအဝင် အက်ရှလေဂျပ်(ဒ)၊ အမေရိကန်လူမျိုးလှုပ်ရှားတက်ကြွသူအမျိုးသမီး ဂလော်ရီစတိုင်းနမ်နဲ့ အမေရိကန်ဒါရိုက်တာ မိုက်ကယ်မိုးတို့က မိန့်ခွန်းတွေပြောကြားခဲ့ကြပါတယ်။ အိမ်ဖြူတော်အထိ ချီတက်ဆန္ဒပြဖို့ အကြံအစည်ဟာ အိမ်ဖြူတော်အထိသွားရမယ့် လမ်းကြောင်းတစ်လျှောက် ဆန္ဒပြလူထုပရိသတ်ပြည့်လျှံနေတာမို့ ချီတက်လို့မရတော့ပါဘူး။ မိုက်ကယ်မိုးက မိန့်ခွန်းပြောကြားရာမှာ ထရန့်အာဏာလွှဲယူပြီလို့ ခေါင်းစည်းတပ်ထားတဲ့ ဝါရှင်တန်ပို့စ်သတင်းစာကို ဆုတ်ဖြဲပြီး "ကျုပ်ကတော့ ဒီလို မယုံကြည်ဘူး။ အမေရိကန်နိုင်ငံရဲ့ တကယ့်အာဏာဟာ ဒီမှာပါ။ အမေရိကန်ပြည်သူအများစုက ကျုပ်တို့နဲ့အတူ ရပ်တည်နေတာပါ။ ကျုပ်တို့ကသာ လူများစုပါ" လို့ ပြောကြားခဲ့ပါတယ်။

အဆိုတော် မက်ဒေါနားကလည်း "ဟုတ်ပါတယ်။ ကျွန်မ ခံပြင်းပြီး ဒေါသထွက်နေပါတယ်။ အိမ်ဖြူတော်ကိုတောင် ဖောက်ခွဲလိုက်ချင်တဲ့အတွေးတွေ မကြာခဏဖြစ်မိပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။ မက်ဒေါနားရဲ့ ဒီလိုပြောဆိုမှုကို အမေရိကန် အဓိက ရုပ်မြင်သံကြားဌာနတွေကနေ အကြိမ်ပေါင်းများစွာ ထုတ်လွှင့်ပြသခဲ့ပါတယ်။ အမေရိကန် ရုပ်ရှင်မင်းသမီး အမေရိကားဖဲရီရာက ဆန္ဒပြလူထုပရိသတ်ကြီးကို "ကျွန်မတို့ ဒီကနေ့ ချီတက်ဆန္ဒပြခဲ့တာဟာ ကျွန်မတို့နိုင်ငံက မြတ်နိုးတန်ဖိုးထားရတဲ့ စံတန်ဖိုးတွေကို ကျွန်မတို့ သမ္မတသစ်က ဖိနှိပ်နင်းချေဖို့ ကြိုးပမ်းလာလို့ပါ"ဆိုပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံအနှံ့အပြားမှာရှိတဲ့ တခြားမြို့တွေမှာလည်း ကြီးမားတဲ့ လူထုဆန္ဒပြပွဲကြီးတွေဖြစ်ပွားခဲ့ပါတယ်။ ချီကာဂိုမြို့မှာလည်း ဆန္ဒပြလူထုကြီးက တစ်သိန်းငါးထောင်လောက်အထိဖြစ်သွားတော့ နဂိုမူလစီစဉ်ထားတဲ့ ချီတက်ဆန္ဒပြပွဲကြီးကို လုပ်လို့မရတော့ပါဘူး။ ဝါရှင်တန်မြို့မှာလိုပဲ ချီတက်ဆန္ဒပြတဲ့လူထုကြီးက ချီတက်ဆန္ဒပြမယ့် လမ်းကြောင်းတစ်လျှောက် ပြည့်လျှံနေလို့ပါ။ လော့စ်အိန်ဂျလိစ်မှာလည်း ဆန္ဒပြလူထုကြီးက လမ်းမတွေပေါ်မှာ ပြွတ်သိပ်ကျပ်ခဲနေတာပါ။ နယူးယောက်၊ ဘော်စတွန်နဲ့ မိုင်ယာမီ မြို့ကြီးတွေမှာလည်း ပုရွက်ဆိတ်အုံလို ပြွတ်သိပ်ကျပ်နေတဲ့ ဆန္ဒပြလူထုပရိသတ်ကြီးကို တွေ့နေရတာပါ။ ဆန္ဒပြအမျိုးသမီးအတော်များများက ပန်းရောင်သိုးမွေးထိုးကြောင်ဦးထုပ်တွေ ဝတ်ထားကြပါတယ်။ ဒါက သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလက ထွက်ပေါ်လာတဲ့အသံဖမ်းယူမှုတစ်ခုကို ရည်ညွှန်းတာပါ။ အဲဒီအသံဖိုင်မှာ ဒေါ်နယ်လ်ထရန့်က အမျိုးသမီးတွေကို မဖွယ်မရာ ဟိုကိုင်ဒီကိုင်လုပ်တဲ့ကိစ္စကို ပြောနေတာပါ။ ဒီဆန္ဒပြပရိသတ်ထဲမှာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျွန်ကယ်ရီကိုလည်း တွေ့ရပါတယ်။







လန်ဒန်မြို့မှာ ဆင်နွှဲခဲ့တဲ့ ဆန္ဒပြပွဲကို ပြည်သူပေါင်းရှစ်သောင်းနဲ့ တစ်သိန်းကြား ပါဝင်ဆင်နွှဲခဲ့တယ်လို့ စည်းရုံးစီစဉ်သူတွေက ပြောဆိုခဲ့ပါတယ်။ ပြောရရင် ဗြိတိန်နိုင်ငံမှာလည်း ထရန့်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေကို လန်ဒန်မြို့မှာပဲ ကျင်းပခဲ့တာ မဟုတ်ပါဘူး။ ဘဲလ်ဖတ်၊ ကားဒစ်ဖ်၊ အီဒင်ဘာ့ဂ်၊ လိ(စ်)၊ လီဗာပူးလ်၊ မန်ချက်စတာနဲ့ ဘရင်တိုလ်မြို့တွေမှာလည်း ကျင်းပခဲ့ပါတယ်။ ထရန့်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေကို ဩစတြေးလျ၊ နယူးဇီလန်နဲ့ တခြားအာရှမြို့ကြီးတော်တော်များများမှာလည်း ကျင်းပခဲ့ကြပါတယ်။ ဩစတြေးလျနိုင်ငံမှာရှိတဲ့ ဆစ်ဒနီနဲ့ မဲလ်ဘုန်းမြို့ကြီးတွေမှာ ထောင်နဲ့ချီတဲ့ပြည်သူတွေ ပါဝင်ဆန္ဒပြခဲ့ကြပါတယ်။ ဒီလိုပြောလို့ ဥရောပတိုက်မှာတော့ ဒေါ်နယ်လ်ထရန့်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ အားမကောင်းဘူးလို့ မယူဆလိုက်ပါနဲ့။ စပိန်နိုင်ငံ ဘာစီလိုနာ၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၊ ဟန်ဂေရီနိုင်ငံ ဘူဒါပက်၊ ချက်နိုင်ငံ ပရောက်နဲ့ ဂျာမနီနိုင်ငံ ဘာလင်တို့တွေမှာလည်း ဒေါ်နယ်လ်ထရန့်ဆန့်ကျင်ရေးလူထုဆန္ဒပြပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ပဲရစ်မြို့မှာဆိုရင် ဆန္ဒပြပြည်သူတစ်ဦးက "ဒေါ်နယ်လ်ထရန့်ဟာ ရိုင်းစိုင်းကြမ်းတမ်းသူပါ။ သူဟာ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနိုင်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ဒေါ်နယ်လ်ထရန့်က သူ့ရဲ့သမ္မတသက်တမ်း ပထမနေ့မှာ CIA ဌာနချုပ်ကို မသွားခင်မှာ ဝါရှင်တန်မြို့ အမျိုးသား ကက်သီဒရယ်ဘုရားကျောင်း(National Cathedral)မှာ ဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲကို တက်ရောက်ခဲ့ကြပါတယ်။ ရွေးကောက်ပွဲမဲဆွယ်ပွဲကာလတစ်လျှောက် အစ္စလာမ်ဘာသာဝင်တွေအပေါ် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့တဲ့အတွက် ကမ္ဘာ့ပြည်သူအများစုကတော့ ဒီဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲကို ဟန်ပြလုပ်ဆောင်ချက်လို့ပဲ သဘောထားကြမှာပါ။

သမ္မတအနေနဲ့ ဒေါ်နယ်လ်ထရန့်က အစိုးရအေဂျင်စီတွေကို အိုဘားမားကျန်းမာရေးစနစ်ရဲ့ ဝန်ထုပ်ဝန်ပိုးတွေလျှော့ချပေးဖို့ ညွှန်ကြားခဲ့ပါတယ်။ အိမ်ဖြူတော်အင်တာနက်စာမျက်နှာ (White House Website) ကိုလည်း သမ္မတအိုဘားမားရဲ့ မူဝါဒတွေနေရာမှာ သူ့ရဲ့ မူဝါဒတွေ အစားထိုးပြီး ပြင်ဆင်ပြောင်းလဲခဲ့ပါတယ်။ ဒီအိမ်ဖြူတော်ရဲ့ အင်တာနက်စာမျက်နှာမှာ ကဏ္ဍကြီးခြောက်ရပ်ကိုပဲ ဖော်ပြထားပါတယ်။ ဒီကဏ္ဍကြီး ခြောက်ရပ်ကတော့ စွမ်းအင်၊ နိုင်ငံခြားရေးမူဝါဒ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ တရားဥပဒေစိုးမိုးရေးနဲ့ ကုန်သွယ်ရေးသဘောတူညီချက်တို့ဖြစ်ပါတယ်။ အမေရိကန်ပြည်သူအများစုက အရေးတကြီးကိစ္စရပ်တွေလို့ သတ်မှတ်ထားတဲ့ ပြည်သူ့အခွင့်အရေး၊ ပြည်သူ့ကျန်းမာရေးစနစ်၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနဲ့ လိင်တူလိင်ပြောင်းတွေရဲ့ ရပိုင်ခွင့်ကိစ္စရပ်တွေကို ဒီအိမ်ဖြူတော် အင်တာနက်စာမျက်နှာမှာ မတွေ့ရပါဘူး။

ဒေါ်နယ်လ်ထရန့်ရဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းအကြောင်းကိုလည်း နည်းနည်းတင်ပြလိုပါတယ်။ ရီပတ်ဘလီကန်ပါတီရဲ့ နိုင်ငံလုံးဆိုင်ရာညီလာခံမှာ ဒေါ်နယ်လ်ထရန့်ပုံဖော်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ပစ္စုပ္ပန်အခြေအနေဟာ ညသန်းခေါင်အမှောင်ဖုံးသလို ပုံရိပ်ဆိုရင် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမှာ ဒေါ်နယ်ထရန့်ပုံဖော်ခဲ့တဲ့ ပစ္စုပ္ပန်ကာလအမေရိကန်နိုင်ငံရဲ့အခြေအနေဟာ အရုဏ်မတက်ခင် အမှောင်မိုက်ဆုံးကာလပါ။ ဒေါ်နယ်လ်ထရန့်က အမေရိကန်နိုင်ငံရဲ့ ပစ္စုပ္ပန်ကာလအခြေအနေဟာ စွန့်ပစ်ထားတဲ့ သံချေးတက်စက်ရုံ၊ အလုပ်ရုံတွေ၊ ဆင်းရဲတွင်းသံသရာက ရုန်းမထွက်နိုင်တဲ့ မိသားစုတွေ၊ မျိုးဆက်သစ်တွေကို ဘယ်လို အသိပညာမျိုးမှ သင်ကြားမပေးနိုင်တဲ့ လူထုပညာရေးစနစ်အိုကြီးတွေအပါအဝင် ထိန်းမနိုင်သိမ်းမနိုင်ရာဇဝတ်မှုကြီးတွေ ဖုံးလွှမ်းနေတဲ့ မြို့ကြီးတွေနဲ့ အရုပ်ဆိုးအကျည်းတန်နေပါတယ်လို့ ပုံဖော်ပြောဆိုသွားပါတယ်။ ဒေါ်နယ်လ်ထရန့်က ပြောလိုက်ပါသေးတယ်။ "အမေရိကန်ပြည်သူတွေကို အစုအပြုံလိုက် သတ်ဖြတ်နေသလိုဖြစ်နေတဲ့ ဒီမြင်ကွင်း ဒီဖြစ်ရပ်တွေဟာ ဒီနေရာမှာပဲ ရပ်ဆိုင်းသွားပါပြီ။ ဒီအချိန်မှာပဲ ရပ်တန့်သွားပါပြီ"တဲ့။ နိုင်ငံရေးဝေဖန်သုံးသပ်သူတွေက ဒေါ်နယ်လ်ထရန့်ရဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းဟာ အယူအဆမတူကွဲပြားတဲ့ အမေရိကန်ပြည်သူအားလုံး ညီညွတ်ရေးကို ဦးတည်ပြောကြားမယ်လို့ မျှော်လင့်ခဲ့ပေမယ့် လက်တွေ့မှာတော့ ဒေါ်နယ်လ်ထရန့်က သူ့ကိုပခုံးထမ်းတင်ရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒရှင်တွေအကြိုက်ကိုပဲ ရွေးချယ်ပြောကြားခဲ့ပါတယ်။ ပြောရရင် ဒေါ်နယ်လ်ထရန့်ရဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းဟာ အမေရိကန်လူထုတစ်ရပ်လုံးကို ဦးတည်ရည်ရွယ်ပြောကြားခဲ့တာ မဟုတ်ပါဘူး။

ဒီမိန့်ခွန်းမှာ ဒေါ်နယ်လ်ထရန့်က အင်မတန်ရိုးစင်းတဲ့ သတင်းစကားနှစ်ရပ်ကို ပြောကြားခဲ့ပါတယ်။ သူပြောကြားခဲ့တဲ့သတင်းစကားနှစ်ရပ်ကို ကြည့်ရအောင်ပါ။ ဒေါ်နယ်လ်ထရန့်က "ကျွန်တော်တို့ အင်မတန်ရိုးစင်းတဲ့ စည်းမျဉ်းနှစ်ခုကိုပဲ လိုက်နာကြပါမယ်။ အမေရိကန်နိုင်ငံလုပ်ပစ္စည်းတွေကိုပဲဝယ်ပါ။ အမေရိကန်လူမျိုးကိုပဲ အလုပ်ခန့်ပါ" ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဒေါ်နယ်လ်ထရန့်က သူကြွေးကြော်နေတဲ့ "အမေရိကန်နိုင်ငံ အမေရိကန်လူမျိုးသာ ပထမဆိုတဲ့မူဝါဒ"ကို ပြောင်အကျဆုံး ဖွင့်ဆိုလိုက်တာပါ။ ဒေါ်နယ်လ်ထရန့်ရဲ့ ဒီမူဝါဒဟာ အပြန်အလှန်မှီခိုချိတ်ဆက်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကြီးကို ထိပ်တိုက်ဝင်တိုးတော့မှာက ရှင်းရှင်းကြီးမြင်နေရပါပြီ။ အမေရိကန်ပြည်သူတွေအပါအဝင် ကမ္ဘာ့ပြည်သူတွေဟာ ၂၀၁၇ ခုနှစ်ကို ရင်တမမ ဖြတ်သန်းရမှာကလည်း သေချာနေပါပြီ။ ။

# တရားဥပဒေစိုးမိုးရေးနှင့် လုပ်ပိုင်ခွင့်အာဏာကို သုံးစွဲခြင်း

## ကော်မရှင်နာ

**လုပ်ပိုင်ခွင့်အာဏာ**

လုပ်ပိုင်ခွင့်အာဏာကို နည်းလမ်းတကျသုံးစွဲခြင်း သို့မဟုတ် တာဝန်ကို ထမ်းဆောင်ခြင်းဖြင့် ပြည်သူ့အကျိုးဆောင်ရွက်နိုင်ကြရန်နှင့် တရားဥပဒေစိုးမိုးရေး ပီပြင်လာစေရန် စာရှုသူအားလုံး ဆန္ဒရှိကြမည်ဟု ယုံကြည်ပါသည်။ လုပ်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်အညီဆောင်ရွက်ရန် အာဏာပိုင်အား ပြည်သူများက ယုံကြည်အပ်နှံထားခြင်းဖြစ်ပါသည်။

လုပ်ပိုင်ခွင့်အာဏာဟု ဆိုရာတွင် နည်းလမ်းတကျပေးအပ်ထားသော အခွင့်အာဏာရှိရမည်ဖြစ်ပြီး ထိုလုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသည့်နည်းလမ်းလည်း တစ်ပါတည်းရှိနေရပါမည်။ ထိုကဲ့သို့ လုပ်ပိုင်ခွင့်နှင့် ကျင့်သုံးသည့် နည်းလမ်းရှိနေကြောင်းကိုလည်း လုပ်ပိုင်ခွင့်ကျင့်သုံးသူနှင့် တစ်ဖက်တွင် သက်ဆိုင်သူအားလုံးတို့ သိရှိနေရန် လိုအပ်ပါသည်။ မည်သည့်လုပ်ပိုင်ခွင့် အာဏာရှိသည်၊ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကို လုပ်ပိုင်ခွင့် အာဏာကျင့်သုံးသူကိုယ်တိုင်က မသိပါက တရားဥပဒေစိုးမိုးမှုရှိနိုင်မည် မဟုတ်ဟု ယုံကြည်ပါသည်။

လုပ်ပိုင်ခွင့်အာဏာနှင့် အာဏာကို ကျင့်သည့်နည်းလမ်းကိုမသိပါက အရေးယူဆောင်ရွက်မှုများ တစ်ခုနှင့်တစ်ခု ညီညွတ်မှုမရှိတော့ဘဲ သက်ဆိုင်သူ ပြည်သူများ၏ ယုံကြည်အားထားမှု ယုတ်လျော့လာနိုင်ပါသည်။ ညီညွတ်မှု၊ ပွင့်လင်းမြင်သာမှုမရှိဟု ဆိုလာကြပါမည်။ ဝေဖန်မှုများ ပေါ်ပေါက်လာကြမည်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသူတိုင်းသည် ထိုအာဏာကို တရားနည်းလမ်းတကျကျင့်သုံးမည်ဟု သက်ဆိုင်သူများကို တာဝန်ခံထားခြင်း ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် သတ်မှတ်ချက်များနှင့်အညီ နည်းလမ်းတကျကျင့်သုံးရန်မှာလည်း အရေးကြီးပါသည်။ အမှန်တရားကို ဖော်ဆောင်ရာတွင် နည်းလမ်းတကျလုပ်ဆောင်ကြောင်း အများမြင်သိစေရာ၏ ဟူသော ဆိုထုံးတစ်ခုရှိပါသည်။

**တာဝန်ခံမှု၊ တာဝန်ယူမှု**

ထိုဆိုထုံး၏ဆိုလိုရင်းမှာ ကျင့်ထုံးနည်းလမ်းတကျ ဆောင်ရွက်ပါသည်ဟု အများပြည်သူ သိစေခြင်းဖြစ်ပါသည်။ ဥပမာ - မှုခင်းတစ်ရပ်ဖြစ်ပေါ်လာပါက တရားခံပေါ်ပေါက်ရန် စစ်ဆေးရမည့်နည်းလမ်းများ ဖော်ပြထားရာ လက်ဗွေစစ်ခြင်း၊ သွေးစစ်ခြင်း၊ ဆေးစစ်ခြင်း စသောအချက်များကို အချိန်မီ နည်းလမ်းတကျဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ပြည်သူတစ်ဦးအား အရေးယူမည်ဆိုပါက ခိုင်လုံသောသက်သေခံချက်ကို နည်းလမ်းတကျ ရှာဖွေဖော်ထုတ်ခြင်း၊ အရေးယူခံရမည့်သူကို ထုချေဖြေရှင်းခွင့်ပေးခြင်း၊ အရေးယူသူ၏ ထင်မြင်ချက်တစ်ခုတည်းအရ အရေးယူမှုမပြုရခြင်းစသည့် အချက်များမှာ အခြေခံကျင့်ထုံးနည်းလမ်းများဖြစ်ပါသည်။ ထိုကဲ့သို့ ချမှတ်ထားသော နည်းလမ်းများကို မလိုက်နာပါက အများပြည်သူ၏ ယုံကြည်အားထားမှု ယုတ်လျော့လာပါမည်။ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသူက မိမိတို့ကျင့်သုံးဆောင်ရွက်သည့် လုပ်ပိုင်ခွင့်အာဏာအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်လည်း အထူးလိုအပ်ပါသည်။

တာဝန်ယူမှု၊ တာဝန်ခံမှုမရှိပါက တရားဥပဒေစိုးမိုးရေးမရရှိနိုင်သည့် အပြင် မလိုလားအပ်သော အကျိုးရလဒ်များ ပေါ်ထွက်လာမည်မှာ သေချာပါသည်။ အခွင့်အရေးတိုင်း၊ တာဝန်တိုင်းသည် ဥပဒေအရ ဖြစ်စေရမည်ဆိုသော ဆောင်ရွက်ချက်၊ ယုံကြည်ချက်များ ခိုင်မာလာစေရန် ဖော်ဆောင်ကြရပါမည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို ဌာနအလိုက် အကောင်အထည်ဖော်ပေးကြရမည်ဆိုသောအချက်ကို စာရေးသူက အလေးပေးတင်ပြလိုပါသည်။ အထူးသဖြင့် ဌာနအလိုက်လုပ်ပိုင်ခွင့်များ၊ နည်းလမ်းများနှင့် ဆက်သွယ်လာသူများ လိုက်နာရမည့်သတ်မှတ်ချက်များကို နည်းလမ်းတကျထုတ်ပြန် အသိပေးခြင်းတို့ကို ဌာနအလိုက် ကြိုတင်လုပ်ဆောင်ထားရန် လိုအပ်ပါသည်။ ထိုကဲ့သို့မဆောင်ရွက်နိုင်ပါက တရားဥပဒေစိုးမိုးရေးဖော်ဆောင်ရန် ခက်ခဲနေမည်မှာ သေချာပါသည်။

> **မည်သည့်စနစ်၊ မည်သည့်အဖွဲ့အစည်းမဆို တရားဥပဒေစိုးမိုးရေးရှိမှသာ အဖွဲ့အစည်းရှင်သန်မှု၊ တိုးတက်မှုရှိပါလိမ့်မည်။ ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက်ရရှိထားသော အခွင့်အာဏာများကို နည်းလမ်းတကျသုံးစွဲဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်**

လုပ်ပိုင်ခွင့်အာဏာဆိုရာတွင် ဥပဒေများတွင် စနစ်တကျရေးသား ဖော်ပြထားသော အကြောင်းအရာများ ဖြစ်နိုင်သကဲ့သို့ အခွင့်ရအာဏာပိုင်က အခါအားလျော်စွာ ညွှန်ကြားသော အကြောင်းအရာများလည်း ဖြစ်နိုင်ပါသည်။ အခွင့်ရအာဏာပိုင်များက ညွှန်ကြားသောအကြောင်းအရာဆိုရာတွင် ညွှန်ကြားခွင့်ရှိသော အာဏာပိုင်ဖြစ်သူက ညွှန်ကြားခွင့်ရှိသော အကြောင်းအရာ အတိုင်းအတာများသာ ဖြစ်ရပါမည်။ ညွှန်ကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သူအနေဖြင့်လည်း မိမိဆောင်ရွက်ရမည့် အကြောင်းအရာသည် ဥပဒေအရလည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများအရလည်းကောင်း ညီညွတ်မှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ရပါလိမ့်မည်။

**တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်**

ညွှန်ကြားချက်ရှိသဖြင့် ဆောင်ရွက်ပေးရသည်ဆိုရာတွင် ပြည်သူများအပေါ် မတရားဖြစ်စေမည်ဆိုပါက ဆောင်ရွက်သူတွင် တာဝန်ကင်းမည်မဟုတ်ဟု ဆိုရပါမည်။ နေ့စဉ်လူမှုဘဝဖြစ်စဉ်များအတွက် ဥပဒေများ၊ စည်းကမ်း၊ နည်းလမ်းများချမှတ်ထားခြင်းမှာ စည်းကမ်းရှိသောအဖွဲ့အစည်း၊ တိုးတက်သောအဖွဲ့အစည်း၊ ညီညွတ်မျှတသော အဖွဲ့အစည်းဖြစ်ပေါ်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ အများပြည်သူ ကောင်းကျိုးလိုလားသူတိုင်းသည် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် လုပ်ပိုင်ခွင့်အာဏာကျင့်သုံးသူများ၏ အခန်းကဏ္ဍသည် အဓိကကျသကဲ့သို့ ပြည်သူတစ်ဦးချင်းစီ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍမှာလည်း လိုအပ်မှုတစ်ရပ်ဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်းစီ ဥပဒေအရ ပေးအပ်လာသောတာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်ကြရပါမည်။ ဥပမာအဖြစ် တင်ပြရသော် အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်သေဖြစ်သူများက မှန်ကန်စွာထွက်ဆိုရေး၊ လမ်းသုံးစွဲသူတိုင်း လမ်းစည်းကမ်းလိုက်နာရေး၊ အများပြည်သူနှင့်သက်ဆိုင်သော ပစ္စည်းများကို သုံးစွဲရာတွင် သတ်မှတ်ချက်နှင့်အညီ သုံးစွဲရေးစသည်တို့ ဖြစ်ပါသည်။

**ပြည်သူက ယုံကြည်အပ်နှံထားသော အာဏာ**

လုပ်ပိုင်ခွင့်အာဏာကို သုံးစွဲသူများက အခွင့်အာဏာအရ ဆောင်ရွက်ရာတွင် သုံးစွဲဆောင်ရွက်မှုသည် သတ်မှတ်မှုဘောင်အတွင်းဖြစ်ရပါမည်။ အခွင့်အာဏာကို ကျော်လွန်သုံးစွဲခြင်း၊ လျော့သုံးခြင်း၊ အခွင့်အာဏာ မသုံးစွဲခြင်း စသည့်အချက်များကို ရှောင်ကြဉ်ကြရပါမည်။ စာရေးသူနားလည်သမျှ ဥပမာပေးရသော် အခွင့်အာဏာကို ကျော်လွန်သုံးစွဲခြင်းဆိုသည်မှာ ဝင်ငွေ ၁၀၀ လျှင် ၁၀ ပြားအခွန်ကောက်ရမည်ဆိုရာ၌ ၁၅ ပြား ကောက်ခံခြင်းကိစ္စ၊ လျော့သုံးခြင်းဆိုရာတွင် ငါးပြားသာ ကောက်ခံခြင်းကိစ္စ၊ အခွင့်အာဏာမသုံးစွဲခြင်းဆိုရာတွင် အခွန်ငွေ လုံးဝမကောက်ခံခြင်းကိစ္စများဖြစ်မည်ဟု ဆိုရပါမည်။

ထို့အတူ ဖမ်းဆီးပေးရမည့်သူကို မဖမ်းဆီးခြင်း၊ ဖမ်းဆီးရမည့်သူကို ဖမ်းဆီးသော်လည်း လိုအပ်သည်ထက် ပိုမိုဖမ်းဆီးထားခြင်း၊ မဖမ်းဆီးရမည့်သူကို ဖမ်းဆီးခြင်းများကိုလည်း ဥပမာပေးတင်ပြလိုပါသည်။ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် စေတနာရှိမှ ဆောင်ရွက်ပေးမည်၊ စေတနာမရှိက ဆောင်ရွက်မပေးနိုင်ဟူသော အယူအဆမျိုးကို ပယ်ဖျက်ရပါလိမ့်မည်။ အမွေရလာသော အာဏာမဟုတ်ဘဲ ပြည်သူက ယုံကြည်အပ်နှံထားသော အာဏာဖြစ်ပါသည်။

**သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာ**

ဆက်လက်ပြီး သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာအကြောင်းကို တင်ပြလိုပါသည်။ အတိအလင်းသတ်မှတ်ထားသောအာဏာနှင့် သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာ နှစ်မျိုးရှိသည်ဟု ဆိုနိုင်ပါသည်။ လုပ်ပါ၊ မလုပ်ပါနှင့်ဟု အတိအလင်းပြဋ္ဌာန်းထားသော အချက်မဟုတ်ဘဲ သင့်တော်သည်ထင်မြင်ပါက ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားသောအာဏာသည် သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာဖြစ်ပါသည်။ ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားမှုများရှိသကဲ့သို့ ဆောင်ရွက်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းများလည်း ရှိပါသည်။ ဆောင်ရွက်ပေးနိုင်သည်ဟူသော ပြဋ္ဌာန်းချက်များသည် သင့်တော်ရာလုပ်ပိုင်ခွင့်ပေးသည်ဟု ယေဘုယျအားဖြင့် နားလည်ရပါသည်။ အများပြည်သူနှင့် သက်ဆိုင်သော တာဝန်ကိစ္စတွင် ဆောင်ရွက်ပေးနိုင်သည်ဟုပြဋ္ဌာန်းထားသော်လည်း ဆောင်ရွက်ပေးရမည့်တာဝန်ဖြစ်သည်ဟုလည်း အဓိပ္ပာယ်ကောက်ယူကြပါသည်။

သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာသည် ထင်သလိုလုပ်ပိုင်ခွင့်ရှိသော အာဏာအဖြစ် ယူဆထားမှုများရှိကြပါသည်။ ထိုအချက်မမှန်ကန်ပါ။ သင့်တော်ရာလုပ်ပိုင်ခွင့်ရှိသောအာဏာကို ကျင့်သုံးရာတွင် ကျင့်သုံးသူ၏ သဘောအရ ထင်သလိုသုံးစွဲခွင့်မရှိပါ။ အဓိကလိုအပ်သော အချက်များမှာ တည်ဆဲဥပဒေများနှင့် ညီညွတ်မှု၊ အကြောင်းပြချက်ခိုင်လုံမှု၊ တရားနည်းလမ်းကျမှုတို့ဖြစ်ပါသည်။ သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာအရ ဆောင်ရွက်မှုများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်ရပါမည်။ မည်သည့်အကြောင်းများကြောင့် ထိုကဲ့သို့ဆောင်ရွက်ခဲ့ရကြောင်း ခိုင်လုံသော၊ ယုတ္တိရှိသော အကြောင်းပြချက် ရှိရပါမည်။

ဆောင်ရွက်မည်ဟုစီစဉ်သောအခါ ဘက်စုံအမြင်များရစေရန် ကြားနာသင့်သူကို ကြားနာခြင်း၊ သက်သေခံချက်ရယူခြင်း၊ အစဉ်အလာထုံးဟောင်းများ ရှာဖွေခြင်းများကို ဆောင်ရွက်ရပါသည်။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၆ တွင် ယုံကြည်ရန် လုံလောက်သော အချက်အလက်ရှိသောအခါမှတစ်ပါး မည်သည့်အရာကိုမျှ ယုံကြည်ရန်အကြောင်းရှိသည်မမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဤအချက်များသည် စာရေးသူ၏ယူဆချက်များမဟုတ်ဘဲ အဖွဲ့အစည်းအသီးသီးက လက်ခံထားသောမှုများ ဖြစ်ပါသည်။

လုပ်ပေးရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရသည်မှာလွယ်ကူသော်လည်း သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရန်မှာ လွယ်ကူသော အကြောင်းမဟုတ်ဟု လေ့လာတွေ့ရှိရပါသည်။ သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာကို ပေးအပ်ရာတွင်လည်း စဉ်းစားဆင်ခြင်ဉာဏ်ပြည့်စုံသော၊ အတွေ့အကြုံရှိသော၊ အဆင့်မြင့်အရာရှိများကိုသာ အဆင့်အလိုက် ပေးအပ်လေ့ရှိပါသည်။ အဆင့်အလိုက် အတိုင်းအတာ အကန့်အသတ်ဖြင့် ပေးအပ်လေ့ရှိပါသည်။

**အသိပညာ အတွေ့အကြုံရင့်ကျက်မှု အရေးကြီး**

ပြည်သူ့တာဝန်ကို ထမ်းဆောင်သူများသည် အဆင့်အလိုက် စဉ်းစားဆင်ခြင်မှုကို သုံးစွဲကြရပါသည်။ မော်တော်ကားမောင်းသူ၊ သင်္ဘောမောင်းသူ၊ လေယာဉ်ပိုင်းလော့ စသည်တို့သည် သူ့အဆင့်နှင့်သူ ဆင်ခြင်ဉာဏ်သုံးစွဲရပါသည်။ ဆင်ခြင်ဉာဏ်အဆင့်အတန်းချင်းလည်း ကွာခြားကြပါမည်။ အသိဉာဏ်ပညာ အတွေ့အကြုံရှိသူများကိုသာ အဆင့်အလိုက်လည်း တာဝန်ပေးအပ်ကြရပါသည်။ သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာကို သုံးစွဲရာတွင် အသိပညာ အတွေ့အကြုံရင့်ကျက်မှုမှာ အရေးကြီးပါသည်။

အချို့က လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် သဘောရိုးနှင့် ပြုလုပ်ပါသည်ဟု ဆိုကြသည်။ မှားလျှင်ခွင့်လွှတ်ပေးဖို့လည်း ဖြစ်နိုင်သည်။ တကယ်ပင် မှားနေသည်ကိုမသိ၍ လုပ်မိသည်လည်း ဖြစ်နိုင်သည်။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၂ တွင် **သဘောရိုးဆိုသည်မှာ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ ကင်းသောပြုလုပ်မှုသည် သို့တည်းမဟုတ် ယုံကြည်မှုသည် သဘောရိုးနှင့် ပြုလုပ်သည်မမည်၊ သို့တည်းမဟုတ် ယုံကြည်သည်မမည်** ဟု ပြဋ္ဌာန်းထားပါသည်။ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းဆိုသည်မှာ အဆင့်အတန်းနှင့်အညီ ပိုင်ဆိုင်သုံးစွဲရသော အရည်အသွေးဖြစ်ပါသည်။

စည်းကမ်းရှိမှ မိသားစုတိုးတက်မည်။ အဖွဲ့အစည်းတိုးတက်မည်။ တရားဥပဒေစိုးမိုးမှ နိုင်ငံတိုးတက်မည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တွင် **ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားပါသည်။** ဥပဒေပြုလွှတ်တော်များက ပြည်သူ့အကျိုးကာကွယ်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးကြရပါသည်။ အစိုးရအဖွဲ့က ထိုဥပဒေများကို အကောင်အထည်ဖော်ကြရပါသည်။ အကောင်အထည်ဖော်မှုပြုရာတွင် သက်ဆိုင်သူအားလုံးက တညီတညွတ်တည်း နားလည်ခြင်း၊ နည်းလမ်းစနစ်ကျခြင်း၊ ယုံကြည်ခြင်းများ ရှိကြရပါမည်။

**ပြည်သူတစ်ဦးချင်းစီတွင် တာဝန်ရှိ**

ဥပဒေဟုဆိုရာတွင် ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းပေးသော မိခင်အက်ဥပဒေများနှင့် မိခင်ဥပဒေများကို ဌာနအလိုက် အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းပေးရသော နည်းဥပဒေများရှိသည်ဟု ဆိုရပါမည်။ တရားဥပဒေစိုးမိုးမှုရရှိရန် ဥပဒေရှိရပါမည်။ ထိုဥပဒေကို ကျင့်သုံးမည့် ဌာနဆိုင်ရာများနှင့် ပြည်သူများက သိရှိရပါမည်။ ဥပဒေပြုပိုင်ခွင့်ရှိသူများက ဌာနအလိုက် ကျင့်သုံးမည့် နည်းဥပဒေများ၊ ကျင့်ထုံးများကို ထုတ်ပြန်ပေးရမည့် တာဝန်ရှိပါသည်။ ပြည်သူများကိုလည်း အသိပညာပေးရပါမည်။ လိုအပ်သော ဥပဒေများ၊ နည်းဥပဒေများကို ထုတ်ပြန်ပေးရန်မှာ အခွင့်ရအာဏာပိုင်များ၏ တာဝန်တစ်ရပ်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးဖော်ဆောင်ရန် ပြည်သူတစ်ဦးချင်းစီတွင်လည်း တာဝန်ရှိသည်ဟု ဆိုရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဂ) တွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ အရာရာကိုဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်သည့် အလေ့အကျင့်ရှိရပါမည်။ ထိုအလေ့အကျင့်များ ထွန်းကားလာရန် သက်ဆိုင်ရာဌာနအသီးသီးက ဦးဆောင်ပြီး ဆောင်ရွက်ရပါမည်။

မည်သည့်စနစ်၊ မည်သည့်အဖွဲ့အစည်းမဆို တရားဥပဒေစိုးမိုးရေးရှိမှသာ အဖွဲ့အစည်းရှင်သန်မှု၊ တိုးတက်မှုရှိပါလိမ့်မည်။ ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် ရရှိထားသော အခွင့်အာဏာများကို နည်းလမ်းတကျ သုံးစွဲဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ဖွင့်ဆိုထားချက်ကိုလည်း မိတ်ဆက်ပေးလိုက်ပါသည်။

၁။ တရားဥပဒေစိုးမိုးရေး(The Rule of Law) ဆိုသည်မှာ "**အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော တရားမျှတမှုရှိသည့် ဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေး**" ကို ဆိုသည်။ ဥပဒေကို တာဝန်ယူအကောင်အထည်ဖော်သူများ ကိုယ်တိုင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးပြီး ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ တရားဥပဒေ

**စာမျက်နှာ ၇ သို့** ❖

ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်လျက်ရှိသည့် အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများလိုက်နာရန် ကျင့်ဝတ် (Code of Conduct for Political Parties and Candidates-CoC)နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# စွမ်းဆောင်ရည်အမြင့်ဆုံးဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းဖွင့်




**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား နှစ်သန်းကျော်က လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦးအနက် ၁၉ ဦးကို ဆန္ဒပြုရွေးချယ်ကြရမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် အများယုံကြည်လက်ခံမှုစသည့် ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကျင်းပသွားမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရာတွင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ စွမ်းဆောင်ရည် အမြင့်ဆုံးဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်းစီမံချက်ကို ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စုစုပေါင်း ၁၅၀၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်ထားပါကြောင်း၊ ယခုသင်တန်းကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြသည့် International IDEA အဖွဲ့ဌာနေကိုယ်စားလှယ် Mr. Mark McDowell နှင့် အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် International IDEAမှ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Mark McDowell ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးက သင်တန်းတွင် ပို့ချသွားမည့် သင်ရိုးညွှန်းတမ်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို သင်ရိုးခုနစ်ခုဖြင့် အုပ်စုနှစ်စုခွဲ၍ နှစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကိုယ်စားပြုသင်တန်းသား ၄၆ ဦး တက်ရောက်ကြောင်းနှင့် ဒုတိယအကြိမ်ဖွင့်လှစ်မည့် သင်တန်းသို့ ကိုယ်စားပြုသင်တန်းသား ၄၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိုယ်စားပြုသင်တန်းသားများသည် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်ဒေသများမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအထိ ဆင့်ပွားသင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။ **(သတင်းစဉ်)**

# ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ဒွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ဒွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လှိုင်မြို့နယ် ပါရမီကွန်ဒိုတိုက်အမှတ် (၁၂+၁)၊ အခန်းအမှတ် (၁၃၀၂) ရှိ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးနေသည့် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းသို့ သွားရောက်လေ့လာကြရာ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ ဦးစိုင်းစမ်ခမ်းမှ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ဒွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသို့ သွားရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုအရေး အစဉ်မမေ့တွေး မနေ့းဆောင်ရွက် ပြည်သူ့အတွက်

❖ စာမျက်နှာ ၆ မှ

စိုးမိုးမှုရှိစေရန် ဥပဒေဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

၂။ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပညာရှင်အသီးသီးက တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ကို ပုံပေါ်စေရန် အမျိုးမျိုးဖွင့်ဆိုခဲ့ကြရာတွင် များစွာကွာခြားခြင်းမရှိဘဲ အဓိကသဘောတရားမှာ အတူတူပင်ဖြစ်ပါသည်။

၃။ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရအုပ်ချုပ်ရေး (The Rule by Law)သည် ခြားနားမှုရှိသော်လည်း ဆက်စပ်မှုလည်းရှိပါသည်။ **ဥပဒေအရအုပ်ချုပ်ရေးဆိုသည်မှာ အုပ်ချုပ်သူအာဏာပိုင်က တရားမျှတမှုရှိခြင်း၊ မရှိခြင်း၊ အများအကျိုးစီးပွားကို ဖော်ဆောင်မှုရှိခြင်း၊ မရှိခြင်း၊ ရှင်းလင်းလွယ်ကူမှုရှိခြင်း၊ မရှိခြင်း စသည့်အချက်များကို အဓိကမထားဘဲ ၎င်း၏အလိုကျရေးဆွဲထားသည့် ဥပဒေများဖြင့် ကျင့်သုံးအုပ်ချုပ်ခြင်းဖြစ်ပါသည်။**

၄။ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) နိုင်ငံတော်တွင် ပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပြုပြီး တရားမျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် အများပြည်သူသိရှိစေခြင်း၊

(ခ) အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊

(ဂ) လွတ်လပ်စွာတရားစီရင်ခွင့်ရှိခြင်း၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိခြင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန်ပြီးစီးစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာပိုင်းခြားသတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း၊ ယင်းကဏ္ဍများအချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ခြင်း၊

(င) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ပတ်သက်ဆက်နွှယ် ဆောင်ရွက်သူအားလုံးက တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊ သက်ဆိုင်ရာကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်ခြင်း၊ ဆောင်ရွက်ချက်များကို အဆင့်ဆင့်ထိရောက်စွာ ကြပ်မတ်စစ်ဆေးခြင်းနှင့် စည်းကမ်းမကျမှု၊ တာဝန်မကျေပွန်မှု၊ အကျင့်ပျက်မှုများကို တိကျမှန်ကန်စွာအရေးယူခြင်း၊

(စ) ပြည်သူအားလုံး တည်ဆဲဥပဒေများကို သိရှိနားလည်လိုက်နာနိုင်ကြစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၅။ နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ရေးနှင့် ပြည်သူများ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာရေးတို့သည် အထက်ပါအချက်များကို အလေးထားဆက်စပ်အကောင်အထည်ဖော်နိုင်မှုအပေါ် တည်မှီလျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးခိုင်မာလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြစ်လာစေမည်မှာ ဧကန်ဖြစ်ပါသည်။ ။

❒

# နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ၊ ရသစာပေ ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**
နိုဘယ်လ်-မြန်မာစာပေပွဲတော်(၂၀၁၇)၊ ရသစာပေ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့စာတမ်းဖတ်ပွဲတွင် မြဝင်း(ဒဿန) က "မြန်မာ့ရနံ့နှင့်စပ်လျဉ်းသော မှတ်ချက်များ" စာတမ်း၊ တော်ကောင်းမင်းက "ရှိတ်စပီးယားပြဇာတ်များကို မြန်မာပြန်ဆိုခြင်း" စာတမ်း၊ ဒေါက်တာမိုးဟိန်းဇော်(မြန်မာစာ)က "မြန်မာကလေးကဗျာများကပေးသော ရသများ" စာတမ်းနှင့် မြင့်ဆွေဦး က "နဂါးနီမှ ရသဝတ္ထုများ" စာတမ်းများကိုဖတ်ကြားကြသည်။

စာပေစကားဝိုင်းအစီအစဉ်တွင် "ယနေ့ မြန်မာကဗျာ၊ မနက်ဖြန်အတွက် မြန်မာကဗျာ" ဖြင့် မင်းထက်မောင်က ဦးဆောင်ပြီး မောင်လင်းရိပ်၊ ကိုရွှေ၊ မောင်ဒေး၊ အိန္ဒြာတို့က ပါဝင်ဆွေးနွေးကြသည်။ "ရသပျိုးခင်း" စာပေစကားဝိုင်းအစီအစဉ်တွင် မော်လင်းက ဦးဆောင်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ သစ္စာနီ၊ ငြိမ်းမင်း၊ မြေလတ်မောင်မြင့်သူတို့က ပါဝင်ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၄ ရက် တတိယနေ့တွင် ရာသက်ပန်(တောင်ငူဆောင်)က "မင်းလူ ဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု" စာတမ်း၊ ဒေါက်တာအောင်ကြီးက "မော်စီတုံး ကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း" စာတမ်း၊ ကိုတာက "ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း"နှင့် ဆရာငြိမ်းမင်းက "ရသစာပေဖန်တီးမှု" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။ စာပေစကားဝိုင်း အစီအစဉ်တွင် "ဘာသာပြန် ရသဖန်တီးမှု"၊ "ဝတ္ထုရှည် တစ်ပုဒ်ဖန်တီးခြင်း" နှင့် "ရသရေစီး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးမည် ဖြစ်သည်။



"ရသပျိုးခင်း" စာပေစကားဝိုင်း အစီအစဉ်တွင် မော်လင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ သစ္စာနီ၊ ငြိမ်းမင်းနှင့် မြေလတ်မောင်မြင့်သူတို့ ဆွေးနွေးကြစဉ်။



"ယနေ့မြန်မာကဗျာ၊ မနက်ဖြန်အတွက်မြန်မာကဗျာ" စာပေစကားဝိုင်း အစီအစဉ်တွင် မင်းထက်မောင်၊ မောင်လင်းရိပ်၊ ကိုရွှေ၊ မောင်ဒေးနှင့် အိန္ဒြာတို့ ဆွေးနွေးကြစဉ်။

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေကို ဇန်နဝါရီ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထုအကောင်းဆုံး ရသစာအုပ် ၁၀၀ ပြပွဲ၊ နိုဘယ်လ်ဆုရစာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ရသစာဖတ်ဝိုင်းများ၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချားပုံတူရေးဆွဲခြင်းများ၊ စာပေဆိုင်ရာဟောပြော ဆွေးနွေးပွဲများ၊ ရသစာပေနှင့်စပ်လျဉ်းသည့် စကားဝိုင်းများကျင်းပပြီး စာအုပ်ဈေးခင်းဖွင့်လှစ်ကာ ရသစာပေဆိုင်ရာ စာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိသည်။

နိုဘယ်လ်- မြန်မာစာပေပွဲတော်လာ စာချစ်သူ၊ စာပေမွေ့လျော်သူများအတွက် ကော်ဖီ၊ ရေသန့်၊ မုန့်ဟင်းခါး၊ ထမနဲ စသည့် စားသောက်ဖွယ်ရာများကို ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

# မန္တလေးကလေးစာပေပွဲတော်ကျင်းပရန် ခင်းကျင်းမှုများ စတင်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၃**
ကလေးစာပေပွဲတော် ကျင်းပမည့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT) တွင် သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့မှစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများ ခင်းကျင်းနိုင်ရန် စာအုပ်စင် ၅၀ ကို မြေညီထပ်၌ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက စတင်ပြင်ဆင်လျက်ရှိသည်။

"ဒီပွဲတော်ရဲ့ အဓိကအချက်က ကလေးစာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲဖြစ်တဲ့အတွက် ကလေးတွေကို ပြသဖို့ စီစဉ်ထားတဲ့ စာအုပ်တွေကို ခင်းကျင်းဖို့စာအုပ်စင် ၅၀ ကိုစတင် ပြင်ဆင်နေပါပြီ။ ဒါပြီးရင် ဆရာကြီး မင်းသုဝဏ်ရဲ့ စာအုပ်တွေ ခင်းကျင်းဖို့စီစဉ်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ပြခန်းတွေကိုလည်း ဒီနေ့က စပြီး လာရောက်ပြင်ဆင်နေကြပါပြီ" ဟု အဆိုပါဌာနမှ တိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြောသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီးမှလည်း သက်ဆိုင်ရာ ကျောင်းအလိုက် ခင်းကျင်းပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအတွက် ပြခန်းကိုအပိုင်းငါးပိုင်းခွဲ၍ ခင်းကျင်းပြသနိုင်ရန် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ အခြေခံပညာကျောင်းတွေရဲ့ ပြခန်းမှာ စွန့်ပစ်ပစ္စည်းတွေကနေ အသုံးအဆောင်ပစ္စည်းတွေ ပြန်ထုတ်လုပ်တဲ့ ပြကွက်၊ မြန်မာနိုင်ငံမှာ လူသိနည်းရှားပါးတဲ့ လိပ်ပြာမျိုးစုံပြကွက်၊ စမ်းသပ်မှုအပိုင်းတွေကို စာတွေ့ လက်တွေ့ သင်ကြားပုံပြကွက်၊ ကျွန်တော်တို့ ကျောင်းက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ပြုလုပ်ထားတဲ့ မြန်မာမှုအသုံးအဆောင်ပြကွက်နဲ့ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းတွေမှာ အသုံးပြုဆောင်ရွက်နေတဲ့ အဆင့်မီပစ္စည်းတွေ ပြကွက်ဆိုပြီး ပြသထားမှာပါ"ဟု ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက ပြောသည်။

ထို့အပြင် ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းအသီးသီးမှလည်း ဝတ်စုံပြည့်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အတွေးစိတ်ကူးများစွာဖြင့် နွဲပျော် မန္တလေးတွင်ကျင်းပမည့် ကလေးစာပေပွဲတော်

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

**မန္တလေး ဇန်နဝါရီ ၂၃**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT) တွင် ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ စည်ကားပျော်ရွှင်စွာကျင်းပတော့မည် ဖြစ်ရာ ပွဲတော်ရက် နီးကပ်လာသည်နှင့်အမျှ ကျောင်းအသီးသီးရှိ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအသီးသီးတွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများ တက်ကြွစွာ လေ့ကျင့်ပြင်ဆင်လျက်ရှိကြသကဲ့သို့ ဆရာ ဆရာမ၊ မိဘများ အနေဖြင့်လည်း ကြုံတောင့်ကြုံခဲ ဆင်နွှဲကြရမည့် ကလေးစာပေပွဲတော်အပေါ် ၎င်းတို့၏ သဘောထားအမြင်များကို ယခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည်-



ဒေါက်တာသန်းထိုက်စိုး



မအိမ့်မျက်ချယ်



မောင်မင်းဟန်ကို



ဒေါ်လဲ့လဲ့ဝင်း

**ဒေါက်တာသန်းထိုက်စိုး**
**(ကျောင်းအုပ်ကြီး၊ အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ်)**

ကလေးစာပေပွဲတော် ဆိုတာ ကလေးတွေအတွက် အဓိကရည်ရွယ်တာပါ။ နေပြည်တော်မှာတစ်ရက်တည်းလုပ်ပြီး မန္တလေးမှာသုံးရက်တောင် လုပ်မယ်ဆိုတော့ မန္တလေးအတွက် အထူးဂုဏ်ယူစရာပါ။ တီဗွီမှာလည်း ဆက်တိုက် ကြော်ငြာပေးနေတော့ ကျွန်တော်တို့ကျောင်းက ကလေးတွေဆို ဒီကြော်ငြာသီချင်းတွေကို အလွတ်တောင်ရနေကြပါပြီ။ ကျောင်းသားမိဘတွေလည်း ဒီပွဲတော်ကို သူတို့ကလေးတွေကိုလိုက်ပို့ပေးဖို့ စိတ်ဝင်တစားမေးမြန်းနေတာ တွေ့ရပါတယ်။ ဒီပွဲတော်မှာ ကလေးတွေနဲ့ သက်ဆိုင်တဲ့ စာပေတွေကို ပြသထားတဲ့အပြင် ကစားနည်းမျိုးစုံနဲ့ ပြိုင်ပွဲမျိုးစုံလည်း ပါဝင်နေတာဖြစ်လို့ စာပေလေ့လာဖို့ လာရောက်ရင် ပျော်ရွှင်မှုတွေကိုလည်း တစ်ပြိုင်တည်းခံစားနိုင်မှာဖြစ်ပါတယ်။

**မအိမ့်မျက်ချယ်**
**(စတုတ္ထတန်း၊ အမက -၁၇)**

သမီးကိုဒီပွဲတော်မှာ ဇော်ဝင်းထွဋ်ရဲ့ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေဖို့ ရွေးချယ်ထားပါတယ်။ ကျောင်းမှာလည်းအဖွဲ့လိုက်လေ့ကျင့်နေတဲ့အပြင် အိမ်မှာလည်း အချိန်ရတိုင်းလေ့ကျင့်နေပါတယ်။ ဒီပွဲတော်ကိုဖျော်ဖြေဖို့ သွားမယ့်အပြင် အိမ်ကိုလည်းသီးသန့်လိုက်ပို့ပေးဖို့ ပြောထားပါတယ်။ သမီးကြိုက်တဲ့ စာအုပ်တွေလည်း ဝယ်ချင်တယ်။ ဂိမ်းလည်းကစားမယ်။ မိသားစုအတူတွဲပြီးဓာတ်ပုံလည်းရိုက်မယ်။ ပြိုင်ပွဲတွေလည်း ဝင်ပြိုင်မယ်လို့ စဉ်းစားထားပါတယ်။

**မောင်မင်းဟန်ကို**
**(စတုတ္ထတန်း၊ အမက -၁၇)**

သားကဒီပွဲတော်ကိုကျောင်းကနေ လေ့လာရေးအဖွဲ့အနေနဲ့ သွားရမှာပါ။ ဒီပွဲတော်အကြောင်းကိုတီဗွီမှာ ကြည့်ပြီးကတည်းက သူများတွေ ပျော်သလို သားလည်း ကိုယ်တိုင်ဝင်ပျော်ကြည့်ချင်တယ်။ အဖေကသား စိတ်ဝင်စားတဲ့ စာအုပ်တွေ့ရင် ဝယ်ပေးမယ်လို့ ပြောထားပါတယ်။ ဒါကြောင့် ကျောင်းကလိုက်ပို့တဲ့အပြင် သူငယ်ချင်းတွေနဲ့အတူသွားဖို့ အဖေ့ကိုပြောထားပါတယ်။ ပြိုင်ပွဲတွေအားလုံးကို ဝင်ပြိုင်မယ်။ ဂိမ်းကစားမယ်။ အရုပ်ကြီးတွေနဲ့အတူ ဓာတ်ပုံတွဲရိုက်မယ်။ လုပ်ချင်တာတွေ များတော့ သုံးရက်စလုံးသွားဖို့ ပူဆာရမှာပါ။

**စာမျက်နှာ ၉ သို့»**

**တိုက်တွန်းမှုမှ**

ကြိုးပမ်းဆောင်ရွက်သည့်နည်းတူ ထုတ်လုပ်၊ သယ်ယူ၊ ရောင်းဝယ်သူများကို အရေးယူရာတွင် အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှုများကိုပါ ထိန်းချုပ်နိုင်ရေး တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူငယ်များအတွင်း လက်လှမ်းမီဝယ်ယူနိုင်ခြင်း မရှိစေရန် လက်လီ၊ လက်ကားဈေးကွက်များ ပပျောက်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃။ မည်သို့သော မဟာဗျူဟာစီမံကိန်းများတွင်မဆို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးသော အခြေခံအကြောင်းတရားတစ်ရပ်ဖြစ်ပါသည်။ ပြည်သူလူထုအလွှာအသီးသီးက ပါဝင်လာမှသာ ရှုထောင့်ပေါင်းစုံမှ အပြုသဘောဆောင်သော အကြံပြုချက်များရရှိနိုင်မည်ဖြစ်ပြီး လက်တွေ့ကျ၍ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သော မဟာဗျူဟာများ၊ မူဝါဒများထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်ကို စိုးပိုင်သော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာ ဘေးကင်းလုံခြုံစွာ၊စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကို အသင့်လွှဲပြောင်းထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားပေးနိုင်ရန် အရေးကြီးလှပါသည်။

၄။ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့မှ အသက် (၃၅) နှစ်အရွယ် ကိုရာဇာဟိန်းသည် ဆိုင်ကယ်ပြင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး တောအတွင်း၌ စမ်းပက်လက်နားနေစခန်းအနီး တွေ့ရှိရသည့် ဆီသယ်ယာဉ်တစ်စီးကို မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ မသင်္ကာသဖြင့် ဆွေမျိုးတော်စပ်သူ ဥသျှစ်ပင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စိုးဦးအား အကြောင်းကြားခဲ့သည်။ ရဲအုပ်ကျော်စိုးဦး၏ ညွှန်ကြားချက်အရ ဆီသယ်ယာဉ်ရှိရာ ဦးခင်ဇော်ဦး၏ အိမ်အနီး တောအတွင်းတွင် ၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၀-၁၂-၂၀၁၆ ရက်နေ့အထိ ရှစ်ရက်တိုင်တိုင် ထမင်းထုပ်၊ ရေ၊ ကွမ်းယာ အစုံအလင်နှင့် ကျောက်ကွင်းလုပ်သားအယောင်ဆောင်ကာ မျက်ခြည်မပြတ်စောင့်ကြည့်ခဲ့ပါသည်။ ထို့အပြင် ညောင်ခြေထောက်ရွာမှ ယာဉ်မောင်းအလုပ်လုပ်ကိုင်သူ ဦးကျော်ကျော်၏နေအိမ်ကိုပါ စောင့်ကြည့်ခဲ့ပါသည်။ ကိုရာဇာဟိန်းမှ ဖြစ်စဉ်အားလုံးကို အနီးကပ်စောင့်ကြည့်၍ ရဲအုပ်ကျော်စိုးဦးအား သတင်းပေးမှုကြောင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ နံနက် ၄ နာရီခန့်တွင် မူးယစ်ဆေးဝါးများတင်ဆောင်ထားသော ခြောက်ဘီးတပ် အပြာရောင်မော်တော်ယာဉ်ကို ညောင်ဂျိုး လဝကဂိတ်တွင် ကိုရာဇာဟိန်းနှင့် ရဲတပ်ဖွဲ့တို့ ပိတ်ဆို့ဖမ်းဆီးခဲ့ပါသည်။ ထိုမော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄သန်းထည့်ထားသော တိုင်ကီ ၁၄လုံးနှင့် ဒီဇယ်ဆီထည့်ထားသော တိုင်ကီ သုံးလုံးတို့ကို ယာဉ်မောင်း ဦးကျော်ကျော်အပါအဝင် သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

၅။ ကိုရာဇာဟိန်းသည် မည်သူ၏တိုက်တွန်းမှု၊ ခိုင်းစေမှု၊ ဖိအားပေးမှု တစ်စုံတစ်ရာမရှိပါဘဲ မိမိ၏ အသိစိတ်ဓာတ်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ပမာဏ လွန်စွာများပြားလှသော စိတ်ကြွရူးသွပ်ဆေးပြား ၁၄သန်း ဖမ်းဆီးရမိရေးအတွက် ရှစ်ရက်တိုင်တိုင် အပင်ပန်းခံ၊ ဒုက္ခခံကာ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ နိုင်ငံနှင့်ပြည်သူအတွက် အန္တရာယ်ကြီးမားလှသော မူးယစ်ဆေးဝါးများ၏ဆိုးကျိုးကို ကောင်းစွာသိမြင်နားလည်ပြီး အကြောက်တရားဖယ်ရှားကာ နိုင်ငံသားကောင်းစိတ်ဓာတ်ဖြင့် ပမာဏအလွန်များပြားလှသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေးကို စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ကိုရာဇာဟိန်းကိုရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း ကိုရာဇာဟိန်းကဲ့သို့ပင် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးလျော့နည်းကင်းစင်ရေးလုပ်ငန်းစဉ်များတွင် တာဝန်သိပြည်သူတစ်ယောက်အနေဖြင့် မြင့်မြတ်သော လုပ်ဆောင်ချက်၊ နိုင်ငံသားကောင်းစိတ်ဓာတ် အရင်းခံ၍ ပိုမိုကောင်းမွန်သည့် အပြောင်းအလဲများ ဖန်တီးဖော်ဆောင်ကာ အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ကူညီပေးကြပါရန်တိုက်တွန်းလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

**» စာမျက်နှာ ၈မှ**
**ဒေါ်လဲ့လဲ့ဝင်း**
**( ကျောင်းသားမိဘ )**

အခုပြုလုပ်မယ့် ကလေးစာပေပွဲတော်က ကလေးတွေသာမက ကျွန်မတို့မိဘတွေလည်း သွားရောက်လေ့လာသင့်ပါတယ်။ ဒါမှ ကိုယ့်သားသမီးတွေ လေ့လာဖို့ ဘယ်လိုစာအုပ်မျိုးတွေ ရွေးချယ်ပေးရမလဲ၊ ဗဟုသုတပိုင်းမှာဘာတွေ ဖြည့်ဆည်းပေးဖို့လိုအပ်သလဲဆိုတာ သိလာနိုင်မှာပါ။ ဒါ့အပြင် စာအုပ်မျိုးစုံကိုလည်း ရောင်းချပေးမှာဆိုတော့ ကျွန်မတို့အသက်အရွယ်နဲ့ လေ့လာဖတ်ရှုသင့်တဲ့ စာအုပ်တွေလည်းစိတ်ကြိုက်ဝယ်ယူနိုင်တဲ့အခွင့်အရေးတွေလည်း ရနိုင်ပါတယ်။ ဒါကြောင့် သားသမီးတွေကိုလိုက်ပို့ရင်း ကိုယ့်အတွက်လည်းအကျိုးရှိနိုင်မယ့် ပွဲတော်ဖြစ်လို့ မိသားစုလိုက်သွားရောက်လေ့လာဖို့ ဆုံးဖြတ်ထားပါတယ်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့မှအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) မှ အဖွဲ့ဝင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များအပေါ် အခြေခံ၍ လေးနှစ်ခန့် အချိန်ယူဆွေးနွေးရေးဆွဲပြီး လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း NCA အပေါ်တွင်သာအခြေခံပြီး ဆက်လက်လုပ်ဆောင်နေကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထား**ပြီး ယင်းညီလာခံ အောင်မြင်စေရန် ဝိုင်းဝန်းလုပ်ဆောင်နေကြောင်း ပြောကြားသည်။

ထို့နောက် PPST အဖွဲ့ဥက္ကဋ္ဌ စောမူတူးဆေးဖိုးက နိုင်ငံရေးအရ အမြင့်ဆုံးအဆင့်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများသည် မည်သည့်ပြဿနာကိုမျှ မဖြေရှင်းနိုင်ဘဲ နိုင်ငံရေးအရသာ ညှိနှိုင်းဆွေးနွေးဖြေရှင်းရမည်ဟု ခံယူကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် NCA ကို အခြေခံပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ငြိမ်းချမ်းရေးကိုရရှိသည်အထိ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်း လတ်တလောရင်ဆိုင်နေရသည့် အခြေအနေ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST)ဥက္ကဋ္ဌ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယကခွန်ဥက္ကာ၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ ခွန်စိုင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ဇေယျာသိရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အိမ်နီးချင်းနိုင်ငံများဆိုင်ရာ ညှိနှိုင်းရေး ဗဟိုဌာန ညွှန်ကြားရေးမှူး General Singhasak Uthai - mongkol ၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်မှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်စစ်သံမှူး Senior Colonel Apichart Choopavang တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှုနှင့် ဆေးကုသမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘာသာရေးအစွန်းရောက်များနှင့် အကြမ်းဖက်မှုကာကွယ်တားဆီးရေးအတွက် အပြန်အလှန် သတင်းဖလှယ်၍ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် တောမီးလောင်မှုတားဆီးကာကွယ်ရေးနှင့် သစ်တောများ ပြန်လည် စိုက်ပျိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

■

# ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲစတင်ကျင်းပ



**ထားဝယ် ဇန်နဝါရီ ၂၃**
ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ကြီးကြပ်မှုကော်မတီဝင်များက သဘာပတိများအဖြစ် နေရာယူကြပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလုကာက ဆွေးနွေးပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်များတွင် ကျင်းပခဲ့သော အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲများတွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ၏ ဆွေးနွေးချက်များမှ နိုင်ငံရေးဆိုင်ရာစာတမ်း၊ စီးပွားရေးဆိုင်ရာစာတမ်းများကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ UPDJC အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်များ၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ JMCS အဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ KNU အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း အင်အား ၇၀၀ ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဇန်နဝါရီ (၂၃၊ ၂၄၊ ၂၅) ရက်တို့တွင် သုံးရက်တိုင်တိုင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**




## ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က IGE Group of Companies နှင့် Muse Development Public Company (MDPC) တို့မှ တာဝန်ရှိသူများက ငွေကျပ် ၃၆၇ သိန်း တန်ဖိုးရှိသော အနွေးထည်ဝတ်စုံ အစုံ ၁၃၀၀၀ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်ထံ ပေးအပ်လှူဒါန်းစဉ်။

**(ကြေးမုံ)**



## ဥတ္တရခရိုင်၌ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**
ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ တိုးတက်မြင့်မားစေရန်နှင့် စာကြည့်တိုက်များကို အသုံးချတတ်စေရန် ရည်ရွယ်၍ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဥတ္တရခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦးက မိမိတို့ရွေးချယ်ထားသည့် ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြသည်။ အဆိုပါအခမ်းအနားသို့ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**



# မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ စတင်လည်ပတ်မောင်းနှင်

**နေပြည်တော် ဇန်နဝါရီ ၂၃**
နိုင်ငံတော်တွင် နှစ်စဉ်မြင့်တက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကွပ်ကဲမှုအောက်ရှိ မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်နှစ်လုံးအား ဇန်နဝါရီ ၉ ရက်တွင် မဂ္ဂါဝပ်၂၀စီဖြင့် စတင်လည်ပတ်မောင်းနှင်ကာ စုစုပေါင်းမဂ္ဂါဝပ် ၄၀ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အား အောင်မြင်စွာ ပို့လွှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပင်လုံစိတ်ဓာတ်
လွှမ်းခြုံပတ်
မြင့်မြတ်မြန်မာ
တည်စေရာ**

## ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲများကျင်းပ

**သီပေါ ဇန်နဝါရီ ၂၃**
ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာမြင့်မားရေးနှင့် နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို သိရှိနားလည်ရေးတို့အတွက် အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲများကို ဇန်နဝါရီ ၁၉ ရက် နံနက်က သီပေါမြို့ အလက(၂) ထ/ခွဲ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲများ ကျင်းပရသည့်ရည်ရွယ်ချက်ကိုပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က ရှမ်းပြည်နယ်အမျိုးသားနေ့အကြောင်းကိုလည်းကောင်း၊ စာရေးဆရာ ဇာဏီဟိန်း(သီပေါ)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုင်းထွန်းသိန်းက ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး ပြည်ထောင်စုနေ့ ပေါ်ပေါက်လာသည့်သမိုင်းကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀ မန္တလေး(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၂ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၈. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၂၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၇၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၅. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၆၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၀. ၆၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# တရုတ်နှစ်ကူးဈေးရောင်းခွင့် မဟာဗန္ဓုလလမ်းပေါ် ခွင့်မပြုသော်လည်း စည်းကမ်းမဲ့ရပ်နားဈေးဝယ် ကုန်နှင့် လူ အတင်၊ အချ ယာဉ်တန်းများ ရှိနေဆဲဖြစ်၍ ယာဉ်သွားလာရေးအဆင်မပြေ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့လယ် လသာမြို့နယ် မဟာဗန္ဓုလလမ်းတစ်ဝက်ပိတ်၍ နှစ်စဉ်တရုတ်နှစ်ကူးဈေးရောင်းချမှုမြင်တွေ့ရပြီး နှစ်စဉ်သုံးရက်ကြာ မဟာဗန္ဓုလလမ်းပေါ် မြို့လယ်ဖြတ် ခရီးသည်တင်ယာဉ်များအပါအဝင် ယာဉ်ပိတ်ဆို့မှု ကြုံတွေ့ရပြီး ကမ်းနားလမ်းဟောင်းမှ လမ်းကြောင်းပြောင်းပြေးဆွဲရမှုများ ရှိခဲ့သည်။ ၂၀၁၃ ခုနှစ် ဝန်းကျင်တွင် ရန်ကုန်မြို့လယ်ရှိ အရှေ့-အနောက်ကားလမ်းမကြီးအားလုံးတွင် ယာဉ်ပိတ်ဆို့မှု နေ့လယ်ပိုင်းများတွင် နာရီရှည်ကြုံတွေ့ရခဲ့ပြီး လမ်းအသုံးပြုခပေးဆောင်ရသည့် ကွန်ကရစ်လမ်းဖြစ်သော ကမ်းနားလမ်းသစ်တွင်သာ သွားလာခြင်း အဆင်ပြေမှုရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ယခင်အချိန်ကာလကဲ့သို့ ကားလမ်းတစ်ဝက်ပိတ်ဈေးရောင်းချမည့် ဇန်နဝါရီ ၂၄ မှ ၂၆ ရက်ထိ ကာလများအတွက် ယာဉ်ပိတ်ဆို့မဖြစ်ပေါ်စေရန် သက်ဆိုင်ရာမှ မဟာဗန္ဓုလလမ်းတစ်ဝက်ပိတ် ဈေးရောင်းချခွင့်မရရှိတော့ကြောင်း လသာမြို့နယ်အတွင်း နေထိုင်သူ ကိုမျိုးက ပြောသည်။

ဖွင့်လှစ်အသုံးပြုရောင်းချနေသော ကမ်းနားလမ်း ညဈေးတန်းနေရာများတွင် လမ်းမတော်မြို့နယ်အတွင်း နံနက်ပိုင်း သားငါးဟင်းရွက်ဈေးတန်းအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ စည်းကမ်းတကျ ဈေးရောင်းချခွင့်ပြုခဲ့သည်။ ယင်းကဲ့သို့ လသာမြို့နယ်အတွင်း လုပ်ဆောင်မှုမျိုး ရှိလာပါက အဆင်ပြေလာနိုင်မည်ဟု လသာမြို့နယ် (၁၇) လမ်းတွင်နေထိုင်သူ ဦးဝင်းဇော်က ပြောသည်။

ရန်ကုန်မြို့တွင်း တွေ့ကြုံနေရဆဲဖြစ်သော ယာဉ်ပိတ်ဆို့မှုများလျော့ပါးရန် သက်ဆိုင်ရာမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အများပြည်သူအသုံးများသော မြို့လယ်ရှိ မြို့နယ် လေးမြို့နယ်မှ ကားလမ်းပေါင်း ၁၁ လမ်းတွင် မည်သည့်ဈေးသည်ကိုမျှ ရောင်းချခွင့် မပြုသည့်အတွက် တရုတ်နှစ်သစ်ကူး ဈေးရောင်းမှုကို မဟာဗန္ဓုလလမ်းတစ်ဝက် ကားလမ်းပိတ် ဈေးရောင်းချခွင့်မပြုခြင်းမျိုးဖြစ်နိုင်သည်ဟု သိရသည်။

ယင်းသို့ သုံးရက်တာ ကားလမ်းပိတ်ဈေးရောင်းချရာတွင် အကွက်ပေါင်း ၄၀၀ ဝန်းကျင်ရှိပြီး တစ်ကွက်လျှင် ကျပ်သောင်းဂဏန်းဖြင့် တစ်ဆင့်အမြတ်ပေးဝယ်ယူ ဈေးရောင်းချရမှုအချို့လည်းရှိခဲ့သည်ဟု ဈေးရောင်းချသူ တစ်ဦးက ပြောသည်။

ယင်းအကွက်ပေါင်း ၄၀၀ ဝန်းကျင်တွင် ရောင်းချသူ ဈေးသည်အများစုမှာ ယင်းနေရာဝန်းကျင်တွင် ရောင်းချသူများသာဖြစ်ပြီး ပွဲတော်အကြောင်းပြု ကားလမ်းပိတ်ဈေးရောင်းချခြင်းများသာဖြစ်သည်။ ယင်းသို့ ဈေးရောင်းချခွင့်မပြုခြင်းမှာ ကားလမ်းများပေါ်တွင် ယာဉ်များ သွားလာရေးလွယ်ကူရန်ဖြစ်သော်လည်း ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်း တွေ့မြင်ရသည့် ယင်းဈေးရောင်းချသည့် လမ်းမတော်သံဈေးဝန်းကျင် မဟာဗန္ဓုလလမ်းတစ်လျှောက်တွင် ကားလမ်းတစ်ခြမ်းလျှင် ယာဉ်ကြောတစ်ကြောသာ သွားလာနေသည့် မြင်ကွင်းအပေါ် သက်ဆိုင်ရာမှ အလေးထားပြုပြင်အရေးယူမှု လိုအပ်နေသည်ဟု ယင်းလမ်းကြောင်းဖြတ် ယာဉ်လုပ်သားများက ပြောသည်။

YBS ခရီးသည်တင်ယာဉ်လိုင်းပြောင်းလဲပြေးဆွဲမှု စနစ်သစ်အရ မဟာဗန္ဓုလလမ်းပေါ် ဘုန်းကြီးလမ်းမှ ဆူးလေအထိ မြို့တွင်းပတ်ယာဉ်လိုင်းတစ်လိုင်းသာ ပြေးဆွဲမှုရှိသည်။ သို့သော် လမ်းမတော်မီးပွိုင့်အလွန် မဟာဗန္ဓုလလမ်းတစ်ဖက်တစ်ချက်တွင် လမ်းဘေးယာဉ် နှစ်ထပ်ရပ်နေကြပြီး ဈေးဝယ်ခြင်း၊ လူနှင့် ကုန်အတင်၊ အချ ပြုလုပ်ခြင်းတို့ကို မြင်တွေ့နေရသည်။

ခရီးသည်တင်ယာဉ်လိုင်းဘက်ခြမ်းတွင် ယာဉ်ကြောတစ်ကြောစာ မောင်းနှင်နိုင်သော်လည်း ကျန်ကားလမ်းတစ်ဖက်ခြမ်းတွင် စောင့်ဆိုင်းမောင်းနှင်နေရသည်ဟု ရွှေပြည်သာမှ ကုန်ပစ္စည်းလာပို့သော လုပ်ငန်းသုံး ယာဉ်ငယ် 8m/--- မှ ယာဉ်မောင်းကိုဖြိုးက ပြောသည်။

ဥပဒေအရခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်ခြင်းများသည် မလုပ်ဆောင်သင့်သော အပြုအမူများဖြစ်သည့်အတွက် သက်ဆိုင်ရာမှ ယင်းဖြစ်စဉ်များကြုံတွေ့လာရပါက ကြိုတင်တားစီးရန် လိုအပ်သည်။ ထို့ပြင် ဈေးရောင်းချခွင့်မပြုသော်လည်း တရုတ်တန်းဈေးကွက်သို့ လာရောက်ကြသော စည်းကမ်းမဲ့ရပ်နားမောင်းနှင်နေကြသည့် ယာဉ်မျိုးစုံကိုလည်း တစ်ပြေးညီအရေးယူရန် လိုအပ်သည်။ သို့မှသာ တရုတ်နှစ်သစ်ကူးဈေးရောင်းချမှုကို အများပြည်သူသွားလာနေသော ကားလမ်းပေါ်လမ်းတစ်ဝက်ပိတ်ခွင့်မပြုခြင်းသည်လည်း အများပြည်သူခံစားနေရသော နှစ်စဉ်ကြုံတွေ့ခဲ့ရသည့် သုံးရက်တာကာလမျိုး ယခုနှစ်တွင် လျော့ပါးသွားမည်ဟု ကိုဝေက ပြောသည်။

**(မောင်စေအောင်)**

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများအား ပြန်လည်စိစစ်မှုများပြုလုပ်

**အမ်း ဇန်နဝါရီ ၂၃**

ကျောက်ဖြူခရိုင် အမ်းမြို့၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများအား မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်တို့က သွားရောက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မှန်ကန်မှုရှိ၊ မရှိစစ်ဆေးခြင်းများ၊ အထောက်အထားများ မိမိလက်ဝယ်၌ ရှိ၊ မရှိစစ်ဆေးခြင်း၊ ပြန်လည်စိစစ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ဆိုင်လုပ်ကိုင်ခဲ့သော တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေးနှင့် သက်ဆိုင်သူလက်ဝယ်သို့ အမှန်တကယ်ရောက်ရှိစေရေးတို့အတွက် ပြန်လည်စိစစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်ခန်းမသစ်၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ မြန်မာနိုင်ငံကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်၊ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား ၅၇ ဦးနှင့် သင်တန်းသူ ၂၅၀ တို့က ကင်းထောက်ကတိသုံးပါး ရွတ်ဆိုပြီး ကင်းထောက်ခြေနုတံဆိပ်နှင့် သင်တန်းဆင်းလက်မှတ်များကို အမျိုးသမီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ ကင်းထောက်ကြီး ဦးမြင့်စိန်၊ သင်တန်းတာဝန်ခံ ပါမောက္ခ/ဌာနမှူး ဒေါက်တာစန်းစန်းဝင်းတို့က ပေးအပ်သည်။

သင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာနှင့် ကမ္ဘာ့ကင်းထောက်သမိုင်းများ၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ ကြိုးချည်နည်း၊ တဲထိုးနည်းနှင့် တောတွင်းစခန်းချပညာရပ်များ၊ မီးပုံပွဲများ လေ့ကျင့်သင်ကြားပေးခဲ့သည်။**(အပေါ်ပုံ)**

**ကိုလတ်(သတင်းစဉ်)**

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးရေး ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဆင်ခြေထောက်ရောဂါဝေဒနာရှင်များအား ကာကွယ်ဆေးတိုက်ကျွေးရေး အသိပညာပေးရှင်းလင်းပွဲကို အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ရပ်ကွက် ၂၁ ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများဦးဆောင်၍ ရပ်ကွက်ကျန်းမာရေးဆရာမများ၊ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဆင်ခြေထောက်ဆေးတိုက်ကျွေးရေး အဖွဲ့ပေါင်း ၄၂၇ ဖွဲ့ ဖွဲ့စည်းထားပြီး တစ်မြို့နယ်လုံး ဆေးတိုက်ကျွေးရမည့်သူ ၁၄၀၀၀၀ ခန့်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ တစ်အိမ်တက်ဆင်း ညနေ ၄ နာရီခွဲမှ ၁၀ နာရီထိ တိုက်ကျွေးသွားမည်ဖြစ်ပြီး အသက် (၂)နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရောဂါတစ်ခုခုကို ဆိုးရွားစွာ ခံစားနေရသူများကို ဆေးမသောက်သင့်သူများ ဖြစ်ကြောင်း၊ ရပ်ကွက်ဆေးတိုက်စုရပ်များတွင် မအားလပ်လို့ ဆေးမသောက်ရသူများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲထိ ကာကွယ်ဆေးများ၊ တိုက်ကျွေးသွားမည်ဖြစ်ကြောင်းနှင့် ဆင်ခြေထောက်ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။


**ဉာဏ်ဟိန်း (အင်းစိန်)**

## မြန်မာ့လက်ရွေးစင် အမျိုးသားစနူကာ၊ 9 ball (Pool) အားကစားသမားရွေးချယ်ပွဲ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရွေးစင် အမျိုးသားစနူကာ၊ အမျိုးသား အမျိုးသမီး 9 ball (Pool) အားကစားသမားရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် နေပြည်တော်ရှိ စနူကာနှင့် 9 ball (Pool) လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ၊ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ရုံး၌ ဇန်နဝါရီ ၂၇ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါရန် ဖုန်း ၀၉-၄၅၀၀၄၀၀၀၃၊ ၀၉-၄၂၃၆၈၁၆၅၁၊ ၀၉-၉၆၃၂၉၅၆၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**





# အပေါင်းတို့ နေရာအသစ်တို့ဖြင့် အစားထိုးဖို့ တာဆူနေပြီဖြစ်တဲ့ တင်းနစ်လောက



၂၀၁၇ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဟာ ဇန်နဝါရီ ၁၆ ရက်မှာ စတင်ခဲ့ပြီး ၂၉ ရက်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ ပြိုင်ပွဲစတင်တာ ၁၀ ရက် မပြည့်သေးခင်အချိန်မှာပဲ ကမ္ဘာ့အဆင့်(၁)နဲ့ (၂)နေရာကို ရယူထားတဲ့ အန်ဒီမာရေးရော ဂျိုကိုဗစ်ချ်ရောက ပြိုင်ပွဲကနေ စောစောစီးစီးထွက်ခွာသွားရပြီဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူထားနိုင်တဲ့ ဗြိတိန်သား အန်ဒီမာရေးက ဂျာမန်လူငယ်ကစားသမား ဇာဗရက်ကို ၇-၅၊ ၅-၇၊ ၆-၂၊ ၆-၄ နဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ လက်ရှိချန်ပီယံ ဂျိုကိုဗစ်ချ်ပြိုင်ပွဲကနေ စောစောစီးစီး ထွက်ခွာသွားခဲ့ရပြီဖြစ်တဲ့အတွက် မာရေးအနေနဲ့ ဗိုလ်စွဲဖို့ အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ထားပြီဖြစ်တယ်လို့ ထင်ကြေးပေးခံရမှုတွေ မြင့်တက်နေပေမယ့် ခုတော့ ကွာတားဖိုင်နယ်အဆင့်တောင် တက်ရောက်နိုင်ခြင်းမရှိဘဲ စောစောစီးစီးအောင်ဖျာလိပ်ခဲ့ရတာ ဖြစ်ပါတယ်။

မာရေးကတော့ ဒီအရှုံးအတွက် တကယ့်ကိုနာကျင်ရပြီး သူ့အနေနဲ့ အခုထက်ပိုမိုကောင်းတဲ့ လက်စွမ်းတစ်ရပ်ကိုရရှိဖို့ လိုအပ်တယ်လို့ ပွဲအပြီး ဝန်ခံပြောကြားခဲ့ပါတယ်။ မာရေးက ဩစတြေးလျအိုးပင်းဗိုလ်လုပွဲကို ငါးကြိမ်တိုင်တက်ရောက်နိုင်ခဲ့ပေမယ့် တစ်ကြိမ်တစ်ခါမျှ ဗိုလ်စွဲခြင်းမရှိခဲ့ပါဘူး။

လက်ရှိ ချန်ပီယံလည်းဖြစ် ကမ္ဘာ့အဆင့်(၂) ကစားသမားလည်းဖြစ်တဲ့ ဂျိုကိုဗစ်ချ်ကတော့ ဒုတိယအဆင့်ကတည်းက ကမ္ဘာ့အဆင့်(၁၁၇) ဒန်းနစ် အစ်စတိုမင်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရတာကြောင့် ဩစတြေးလျအိုးပင်းသမိုင်းတစ်လျှောက် အံ့ဖွယ်အကောင်းဆုံးရှုံးနိမ့်မှုအဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။ ဂျိုကိုဗစ်ချ်က ဂရင်းစလင်း ချန်ပီယံအဖြစ် ၁၂ ကြိမ် အောင်ပွဲခံနိုင်ခဲ့ရာမှာ ခြောက်ကြိမ်က ဩစတြေးလျ အိုးပင်းမှာ ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ငါးနာရီနီးပါးကြာအောင် ယှဉ်ပြိုင်ခဲ့ရပြီးနောက် ၇-၆( ၁၀-၈)၊ ၅-၇၊ ၂-၆၊ ၇-၆ (၇-၅)၊ ၆-၄ နဲ့ အရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဂျိုကိုဗစ်ချ် အတွက်တော့ ဂရင်းစလင်းပြိုင်ပွဲ ဒုတိယအဆင့်ကနေထွက်ခွာခဲ့ရတာက ၂၀၀၉ ခုနှစ် ဝင်ဘယ်လ်ဒန်ဖလားပြီးနောက် ခုနစ်နှစ်အတွင်း ပထမဦးဆုံး အကြိမ်ဖြစ်ပါတယ်။

ဒါ့ကြောင့် လက်ကျန်အဆင့်တွေမှာ ဂရင်းစလင်းဖလားရယူဖူးတဲ့ ကစားသမားဆိုလို့ ရာဖေးလ်နာဒဲလ်၊ ရိုဂျာဖက်ဒဲရာနဲ့ စတန်းဝေါ ရင်ကာတို့သာ ကျန်ရှိတော့ပြီး ဒီကစားသမားတွေကလည်း လူငယ်သွေးသစ်ကစားသမားတွေ ဖြစ်တဲ့ ရာအိုနစ်၊ သီယမ်၊ ဒီမီထရော့ဗ်တို့လို လက်ရည်တက် ကစားသမားတွေကို ယှဉ်ပြိုင်ပြီးမှ နောက်ပိုင်းအဆင့်တွေကို တက်လှမ်းနိုင်ဖို့ရှိပါတယ်။

လက်ရှိအချိန်မှာ ဝေါ ရင်ကာ၊ ရာဖေးလ်နာဒဲလ်နဲ့ ရိုဂျာဖက်ဒဲရာတို့က အသက်(၃၀)ကျော် နေကြပြီဖြစ်ပြီး ဂျိုကိုဗစ်ချ်နဲ့ အန်ဒီမာရေးတို့က ဒီ ၂၀၁၇ ခုနှစ်အတွင်းမှာပဲ အသက်(၃၀)ပြည့်မြောက်ကြတော့မှာပါ။ မော်ဒန်တင်းနစ်လောကမှာ အသက်(၃၀)ကျော်အရွယ်နဲ့ ဂရင်းစလင်းဖလားကို ရယူနိုင်တဲ့ ကစားသမားဆိုတာ အင်မတန်ရှားပါးတဲ့အနေအထားဖြစ်ပါတယ်။ ဂရင်းစလင်းဖလားကို အသက်(၃၀)ကျော်မှ နှစ်ကြိမ်တိုင်ဆွတ်ခူးနိုင်တဲ့ ကစားသမားဆိုလို့ ဝေါ ရင်ကာနဲ့ အဂ္ဂါစီတို့နှစ်ဦးသာရှိပြီး ဖက်ဒဲရာက တစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်နဲ့ မာရေးတို့ ကွာတားဖိုင်နယ်အဆင့်တောင် တက်ရောက်နိုင်ခြင်းမရှိဘဲ ပြိုင်ပွဲကနေ အခုလို စောစောစီးစီး အောင်ဖျာလိပ်ခဲ့ကြတာဟာ ဇက်ဗရက်တို့လို လူငယ်ကစားသမားတွေက သူတို့ရဲ့နေရာကို ဆက်ခံဖို့ အသင့်ဖြစ်နေတဲ့ အနေအထားကို အချက်ပြလိုက်တာလို့လည်း အဖြေထုတ်လို့ ရပါတယ်။ ဆိုတာက ပြီးခဲ့တဲ့ ၁၀စုနှစ်တစ်ခုအတွင်း တင်းနစ်ခေတ်တစ်ခေတ်ကို ထူထောင်လာကြတဲ့ ဖက်ဒဲရာ-နာဒဲလ်ခေတ်လွန်မှာ နောက်ထပ်ခေတ်တစ်ခုကို ထပ်မံတည်ဆောက်နိုင်ခဲ့တဲ့ ဂျိုကိုဗစ်ချ်-အန်ဒီမာရေးတို့ခေတ်လည်း ကုန်ဆုံးချိန် နီးကပ်လာပြီဆိုတဲ့အချက်ကို မီးမောင်းထိုးပြသနိုင်ခဲ့တယ်လို့ ယေဘုယျ သုံးသပ်ရမှာပဲ ဖြစ်ပါတယ်။

**(ရွှိုင်ယန်ဟောင်)**



# ဦးခေါင်းခွံကွဲအက်ခဲ့သည့် ဟားလ်စီးတီးကွင်းလယ်လူ မာဆန်ကို အရေးပေါ်ခွဲစိတ်ကုသမှု ပြုခဲ့ရ

ချယ်လ်ဆီးနှင့် ဟားလ်စီးတီးအသင်းတို့ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် ဟားလ်စီးတီးကွင်းလယ်လူ ရိုင်ယန်မာဆန်နှင့် ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးလ်တို့ ပြင်းထန်စွာ တိုက်မိခဲ့သဖြင့် မာဆန် ဦးခေါင်းခွံကွဲအက်ခဲ့ရာ ယင်းနေ့ ညနေပိုင်းအချိန်မှာပင် လန်ဒန်မြို့ရှိ စိန့်မေရီဆေးရုံ၌ ဦးနှောက်နှင့် အာရုံကြောအရေးပေါ်ခွဲစိတ်မှု ပြုခဲ့ရကြောင်း သိရသည်။ မာဆန်သည် ပွဲချိန် ၁၃ မိနစ်မှာပင် ဂယ်ရီကာဟေးလ်နှင့် တိုက်မိခဲ့ပြီးနောက် ကွင်းအတွင်း ဆေးဝါးကုသမှုခံခဲ့ရပြီး အောက်ဆီဂျင်ပေးကာ ထမ်းစင်ဖြင့် သယ်ထုတ်သွားခဲ့ရသည်။ စိန့်မေရီဆေးရုံသည် ယာဉ်မတော်တဆမှု၊ အားကစား၊ အကြမ်းဖက်မှုများအတွင်း ရရှိသည့်ဒဏ်ရာများကို အထူးကြပ်မတ်ကုသပေးသည့် ဆေးရုံတစ်ရုံလည်းဖြစ်သည်။

မာဆန်အနေဖြင့် အရေးပေါ်ခွဲစိတ်ကုသမှုခံခဲ့ရသော်လည်း ယခုအခါတွင်အခြေအနေ တည်ငြိမ်လာပြီ ဖြစ်သည်ဆိုသည်ကို ဟားလ်စီးတီးအသင်းဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဟားလ်စီးတီး မန်နေဂျာ မာကိုဆေးလ်ဗားကလည်း ၎င်းကိုယ်တိုင် စိန့်မေရီ ဆေးရုံသို့ လိုက်သွားခဲ့သည်ဆိုသည်ကို အတည်ပြုခဲ့သည်။

မာဆန်နှင့် တိုက်မိခဲ့သူ ဂယ်ရီကာဟေးလ်ကမူ "ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ကျွန်တော်အဆုံးသတ်ဖို့ ကြိုးစားရင်း အားပြင်းပြင်းနဲ့ မာဆန်ရဲ့ ခေါင်းနဲ့တိုက်မိခဲ့တာ ဖြစ်ပါတယ်။ သူ့အတွက် အကောင်းဆုံးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောကြားခဲ့သည်။

ပရိသတ်များ၊ ကစားသမားများက ဟားလ်စီးတီး အသင်း တွစ်တာစာမျက်နှာပေါ်တွင် မာဆန်အတွက်အကောင်းဆုံးဖြစ်ပါစေကြောင်း ဆုတောင်းစာများရေးသားကြရာ ရီးယဲလ်မက်ဒရစ်စတား ဂါရတ်ဘေးလ်ကပါ ပါဝင်ရေးသားခဲ့သည်ကိုတွေ့ရသည်။

**(ရွှိုင်ယန်ဟောင်)**

# တရုတ်ကလပ်သို့ ရွှန်းနီ ထွက်ခွာပါက မော်ရင်ဟိုခွင့်ပြုမည်

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အသင်းခေါင်းဆောင် ရွှန်းနီအား လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း၌ ဆက်ရှိနေစေလိုသော်လည်း တရုတ်ကလပ်သို့ ရွှန်းနီ ထွက်ခွာမည်ဆိုပါက ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ရွှန်းနီသည် စတုတ်စီးတီးအသင်းနှင့် သရေပွဲဖြစ်သည့်ပွဲစဉ်တွင် မန်ယူအသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး အဆိုပါသွင်းဂိုးသည် ရွှန်းနီအတွက် မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် မန်ယူကစားသမားဘဝက သွင်းဂိုး ၂၄၉ ဂိုးဖြင့် စံချိန်တင်ထားသည့် ဘော်ဘီချာတန်၏ ဂိုးသွင်းစံချိန်ကို တိုက်စစ်မှူး ရွှန်းနီက ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး ရွှန်းနီ၏ လက်ရှိစာချုပ်သက်တမ်းသည်



၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး တရုတ်ကလပ်အသင်းများကလည်း တိုက်စစ်မှူး ရွှန်းနီအား ကမ္ဘာ့ဘောလုံးလောကတွင် အမြင့်ဆုံးဈေးနှုန်းပေးကာ ကမ်းလှမ်းရန်ဆန္ဒရှိနေကြောင်း သိရသည်။ **(ငွေကြယ်)**

# ချယ်လ်ဆီးအသင်း၌ ဒီယေဂိုကော်စတာ ဆက်ရှိမည်ဟု ကွန်တီ ပြောကြား

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် လက်ရှိတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူ ထားနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်မှုရရှိနေပြီဖြစ်သောကြောင့် စတမ်းဖို့ဘရစ်ချ်၌ ဆက်ရှိနေမည်ဖြစ်ကြောင်း နည်းပြ ကွန်တီက ပြောကြားခဲ့သည်။

ကော်စတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာစဉ် ဟားစီးတီးအသင်းနှင့် ပွဲစဉ်တွင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက ဟားစီးတီးအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိကာ ဒုတိယနေရာမှ အာဆင်နယ်အသင်းကို ရှစ်ဖြတ်လျက် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

"ဒီယေဂိုကော်စတာဟာ သူ့ရဲ့စာချုပ်သက်တမ်းကုန်ဆုံးဖို့ နှစ်နှစ်ကျန်ပါသေးတယ်။ အခုလည်း ချယ်လ်ဆီး အသင်းမှာ ကစားဖို့နဲ့ စတမ်းဖို့ဘရစ်ချ်မှာလည်း



ပျော်ရွှင်မှုရရှိနေပါတယ်။ ကျွန်တော်တို့အတွက်လည်း လက်ရှိကာလမှာ အလွန်အရေးကြီးပါတယ်။ ချယ်လ်ဆီး အသင်းမှာရှိတဲ့ ကစားသမားတိုင်းကလည်း ကော်စတာကို အကောင်းဆုံးကစားသမားလို့ မြင်ကြပါတယ်။ ဒီယေဂို ကော်စတာ ချယ်လ်ဆီးမှာပဲ ဆက်ရှိနေဖို့ ရှိပါတယ်" ဟု နည်းပြ ကွန်တီက ဆိုသည်။ **(ငွေကြယ်)**

# မိခင်နှင့်ကလေး အာဟာရပိုပေး မနှေးရက်တစ်ထောင်မှာ

ဒေါက်တာယုဇနစောမြင့်
ကလေးအထူးကုဆရာဝန်ကြီး

တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုကိုတည်ဆောက်ရာတွင် ဆက်လက်ခိုင်မြဲမှုရှိစေရန် လက်ကမ်းပေးရမည့်သူများသည် လူငယ်များပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့်တိုင်းပြည်နိုင်ငံမဆို ကိုယ်စိတ်ကျန်းမာသော အနာဂတ်သားကောင်းများကို မွေးမြူထားရမည်ဖြစ်ပါသည်။ နိုင်ငံအများစုတွင် လူမှုကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ စဉ်ဆက်မပြတ်ဆောင်ရွက်မှု (Life Cycle Approach) ဖြင့် ပြုလုပ်လျက်ရှိပါသည်။ ထိုလုပ်ငန်းများတွင် လူတစ်ယောက်ဖြစ်လာမည့် မွေးကင်းစကို ကိုယ်ဝန်ဆောင်သောမိခင်မှ စတင်ပါသည်။ အနာဂတ်သားကောင်းဖြစ်ရန် အခြေခံအကျဆုံးအုတ်မြစ်ဖြစ်သည့် ကိုယ်ဝန်ဆောင်သန္ဓေသားနှင့် မွေးကင်းစကလေးငယ်တို့သည် ထိုလူသားဘဝတစ်လျှောက်လုံးတွင် အရေးအပါဆုံးဖြစ်ပါသည်။

**ကမ္ဘာတစ်လွှား လွှန်အားထား**

အရေးအကြီးဆုံး အခြေခံအုတ်မြစ်ကလေးငယ်တို့သည် ထိခိုက်လွယ်သော အခြေအနေလည်းရှိသည်။ အမှားအယွင်းမခံ၊ အယူလွဲမှားမှုမခံဘဲ စနစ်ကျစွာပြုစုမှ လိုအပ်သောပုံစံဖြင့် ကြီးပြင်းလာမည်ဖြစ်ပါသည်။ ထိုသို့သော ပြည်သူပြည်သားများအား ထောက်ပံ့ကူညီမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ (Social Cash Transfer Programs) ကို ကမ္ဘာတစ်လွှား ကျယ်ပြန့်စွာအသုံးပြုလျက်ရှိသည်ကို တွေ့ရပါသည်။ လူမှုကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများစွာရှိပါသည်။ ဥပမာ-ပညာသင်နိုင်စေရန် ဖန်တီးခြင်း၊ အလုပ်ရှာဖွေပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်း အစရှိသဖြင့် များစွာရှိသည့်အနက် ယခုလက်ရှိပြုလုပ်သည့်အစီအစဉ်မှာ မိခင်နှင့်ကလေး ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ပင်ဖြစ်ပါသည်။ ယင်းအစီအစဉ်အများစု၏ ဦးတည်ချက်မှာ အာဟာရဆိုင်ရာဖွံ့ဖြိုးရေး မျှော်မှန်းချက်များပင် ဖြစ်ပါသည်။

**နိုင်ငံတကာ လေ့လာ**

နိုင်ငံတကာ အကောင်အထည်ဖော်ပြီးနှင့် ဖော်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များကို ဆန်းစစ်ကြည့်ရာတွင် ယင်းအစီအစဉ်သည် ကလေးငယ်များ၏ အာဟာရအခြေအနေပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

(က) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Shombhob Conditional Cash Transfer Pilot အစီအစဉ်ကို ဆောင်ရွက်ရာတွင် မိခင်နို့တိုက်ကျွေးမှုနှင့်ပတ်သက်၍ ၆ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုသိရှိလာခြင်း၊ မွေးကင်းစမှ ကလေးငယ်အသက် ၁၂ လအထိ ကိုယ်အလေးချိန်မပြည့်မီမှုကျဆင်းလာခြင်း၊ ပိန်လှီသော ကလေး ၁၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းလာခြင်း၊ ကလေးများအားလုံးတွင် ဖြစ်ပွားသော ကိုယ်အလေးချိန်မပြည့်မီမှု ၄၀ ရာခိုင်နှုန်းအထိ လျော့ကျလာခြင်းဟူသော အကျိုးကျေးဇူးများရရှိကြောင်း ဖော်ပြထားပါသည်။

(ခ) အင်ဒိုနီးရှားနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးငယ်တို့အား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် Program Keluarga Harapan Pilot Project ကို ပြုလုပ်ခဲ့သည်။

ငွေကြေးလက်ခံရရှိသော အိမ်ထောင်စုများ၏ လစဉ် အစားအစာစားသုံးခြင်း၊ အစားအစာအတွက် သုံးစွဲခြင်း ၁၀ရာခိုင်နှုန်း တိုးတက်လာခြင်း၊ အသက်ငါးနှစ်အောက် ကလေးတို့၏ကိုယ်အလေးချိန် မှန်မှန်တိုင်းတာမှုနှုန်းလည်းမြင့်လာကာ အလေးချိန်လည်းတိုးလာကြကြောင်း တွေ့ရှိရပါသည်။

(ဂ) ဇမ်ဘီယာနိုင်ငံတွင် ကလေးသူငယ်များအတွက်ခွင့်ပြုထားသော ငွေကြေးအစီအစဉ် (Child Grant Program) ဖြင့် ငွေကြေးအထောက်အပံ့ပေးရာတွင် အသက် သုံးနှစ်မှငါးနှစ်အရွယ်ကလေးများ ပုညက်မှုနှုန်းကျဆင်းလာခြင်း၊ အသက် ခြောက်လမှ ၂၄ လအကြား ကလေးငယ်များတွင် အနိမ့်ဆုံးအာဟာရကျွေးခြင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုနှုန်း သိသိသာသာမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) သီရိလင်္ကာနိုင်ငံတွင် ငွေကြေးထောက်ပံ့မှု အစီအစဉ်ပြုလုပ်သည့်အကျိုးကြောင့် အစားအစာစားသုံးမှုနှုန်းသည် ကိုယ်ဝန်ဆောင်မိခင်များတွင် ၅၀ ရာခိုင်နှုန်း ပိုမြင့်လာကြောင်း မှတ်တမ်းတင်ထားကြပါသည်။

(င) မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ငွေကြေးအထောက်အပံ့ အစီအစဉ်များကို ကနဦးလေ့လာမှုများအဖြစ် ပြုလုပ်ခဲ့ပါသည်။

လူသားဘဝအစ အာဟာရဖွံ့ဖြိုးရေးအတွက် ထိုအစီအစဉ်ကို ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့တွင် Pilot ဆောင်ရွက်ခဲ့ပါသည်။ ရရှိခဲ့သော အကျိုးမှာ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးမှု တိုးတက်လာခြင်း၊ မွေးကင်းစကလေး အလေးချိန်ပိုမိုကောင်းမွန်လာခြင်း၊ အသက်တစ်နှစ်အောက် ကလေးငယ်သေဆုံးနှုန်းလျော့ကျလာခြင်းတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ယင်းအစီအစဉ် ဆောင်ရွက်ပြီးနောက် ကိုယ်ဝန်ဆောင်မိခင်တို့ အာဟာရလုံလောက်စွာ သုံးစွဲမှုပိုမိုများပြားလာပါသည်။ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ယခင်စားသုံးသည်ထက် အပိုဆောင်း၍ စားသုံးလာသည်ကို ဆိုလိုပါသည်။ သို့ဖြစ်၍ လုံလောက်သော အစားအစာစားသုံးနှုန်း (Adequate Food Conxumption-AFC) သည် မူလက ၂၅ ရာခိုင်နှုန်းရှိရာမှ ယင်းအစီအစဉ်ဆောင်ရွက်ပြီးချိန်တွင် ၉၄ ရာခိုင်နှုန်းအထိ သိသိသာသာတိုးတက်လာပါသည်။

**ငွေကြေးထောက်ပံ့မှုကြောင့် အခြားအကျိုးများ**

ငွေကြေးထောက်ပံ့မှု အစီအစဉ်ကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရတိုး၍ စားခြင်း၊ မွေးကင်းစအလေးချိန် ပို၍တိုးလာခြင်း၊ ကလေးသေဆုံးမှုလျော့နည်းလာခြင်း အစရှိသည့်အကျိုးများရရှိသည့်အပြင် အခြားရရှိသည့်အကျိုးများမှာ-

- ➢ ဒေသတွင်း အစားအစာဝယ်အားများလာခြင်း၊
- ➢ ငွေကြေးလည်ပတ်မှု ပိုမိုကောင်းမွန်လာခြင်း၊

တို့ဖြစ်ပါသည်။ အစားအစာပို၍စားလာလျှင် ပို၍ဝယ်ယူရပေသည်။ သို့ဖြစ်၍ ဝယ်အားကောင်းလာခြင်းဖြစ်သည်။ ဝယ်အားကောင်းလျှင် အစားအစာရောင်းချသူများလည်း ငွေကြေးပို၍ဝင်မည်သာဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ပထမဦးဆုံးအဖြစ် အစိုးရစီမံခန့်ခွဲမှုစနစ်ဖြင့် လုပ်ဆောင်မည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ် ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်တွင် အကျိုးခံစားခွင့်မှာ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ (တစ်သောင်းငါးထောင်ကျပ်) ရရှိမည်ဖြစ်ပါသည်။ ပျမ်းမျှခြင်းအားဖြင့် အစားအစာစားသုံးမှုတွင် တစ်နေ့လျှင် ကျပ် ၅၀၀ (ငါးရာကျပ်) သုံးစွဲမည်ဖြစ်ပါသည်။ မူလစားသုံးသည့်အစားအစာအပြင် ထိုကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးတို့သည် တစ်နေ့လျှင် ကျပ် ၅၀၀ ဖိုး ပိုမို၍ စားသုံးရမည်ပင်။ မူလစားသုံးနှုန်းလည်းလျှော့၍မစားသုံးရပေ။ မူလစားသုံးသည့်အတိုင်းအတာပမာဏအပြင် ကြက်ဥတစ်လုံး၊ ငါးတစ်တုံး၊ အသီးတစ်လုံး အစရှိသည့် တန်ဖိုး ၅၀၀ ကျပ်ဖိုး အစားအစာပမာဏထပ်၍ စားသုံးရန်ပင်။ ထိုသို့စားသုံးခြင်းဖြင့် မွေးဖွားလာမည့် ကလေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ကလေးငယ်အာဟာရအတွက် အသုံးပြုလိုက်ခြင်းပင်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်နှင့်အသက် နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံတော်ရန်ပုံငွေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဟာရဆိုင်ရာအညွှန်းကိန်းများနိမ့်ကျသည့် အခြားဒေသများတွင်ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုယ်ဝန်ဆောင်စ ပထမ သုံးလ၊ လေးလသည် သန္ဓေသားလေးအတွက် အလွန်အရေးကြီးသော ကာလပင်ဖြစ်သည်။ သန္ဓေသား၏ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးသည် ထိုကာလအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားနေပါသည်။ ဦးနှောက်၊ နှလုံး၊ အဆုတ် အစရှိသဖြင့် အလွန်အရေးပါသော အင်္ဂါများသည် ထိုကာလတွင် မိခင်ထံမှပြည့်ဝသည့်အာဟာရကိုမရရှိလျှင် ကောင်းစွာဖွံ့ဖြိုးမည်မဟုတ်ပေ။ ထိုအခါတွင် ဦးနှောက်မဖွံ့ဖြိုး၍ ဉာဏ်ရည်နိမ့်ခြင်း၊ အာဟာရချို့တဲ့ခြင်းအစရှိသည့် ဆိုးကျိုးများဖြင့် ကလေးမွေးဖွားလာပေမည်။ လာခြင်းကောင်းသော လူကလေးမဖြစ်နိုင်တော့ပေ။ သို့ဆိုလျှင် အနာဂတ်၏ ကြယ်တစ်ပွင့် ကြွေသွားခြင်းပင် မဟုတ်ပါသလော။

စပါးပင်စိုက်သည့် ဥပမာဖြင့်ပြဆိုရပါလျှင် မည်မျှပင်မျိုးကောင်းသော စပါးပင်ဖြစ်စေကာမူ ရေ၊ မြေ အစရှိသည်တို့ဖြင့် မွမ်းမံမှုမရှိလျှင် ကောင်းမွန်စွာ ရှင်သန်နိုင်မည်မဟုတ်ပေ။ အားကောင်းသော ဥပနိဿယပစ္စည်းများ အကူအညီအထောက်အပံ့လိုအပ်သည်သာပင်။ ယခုလည်း သန္ဓေသားကောင်းမွန်စွာ ရှင်သန်ကြီးထွားရန် အာဟာရတည်းဟူသော အားအင်မရှိပါလျှင် မည်သို့ကြီးထွားပါမည်နည်း။ အစကောင်းမှ အနှောင်းသေချာမည်သာဖြစ်ပါသည်။

သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှု တစ်နေ့လျှင် ကျပ် ၅၀၀ ကလေးငယ်၏ အနာဂတ်ဘဝအတွက် ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားရပေမည်။ ယခုအပင်စိုက်၍ ချက်ချင်းအသီးစားခြင်းကို ပြုလုပ်၍ ရနိုင်ပါမည်လော။ ရေ၊ မြေ၊ ဩဇာစသည့် အထောက်အပံ့ပေးရပါမည်။ ယခုလည်းနေ့စဉ် ကျပ် ၅၀၀ ဖိုးကို အထောက်အပံ့ကြောင့်သာလျှင် ရှေ့လာမည့် ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်တို့တွင် ကလေးသူငယ်၊ လူငယ်၊ လူကြီးဖြစ်လာကာ ကောင်းမွန်စွာ ဖွံ့ဖြိုးလာမည့် အနာဂတ်သားကောင်းဖြစ်လာနိုင်မည်ကို တိုင်းတာနိုင်ပေသည်။ ယခု တစ်နေ့လျှင် ကျပ် ၅၀၀ ရင်းနှီးမြှုပ်နှံမှုသည် နောင်အနာဂတ်တွင် မှန်းဆ၍ မရနိုင်သောအကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်သဖြင့် ဤကာလတွင် ရင်းနှီးမြှုပ်နှံရကျိုးနပ်ပေမည်။

မိခင်ကိုယ်ဝန်စ၍ရှိစဉ်မှ အရင်းတည်၍ တစ်နေ့လျှင် အထောက်အပံ့ ကျပ် ၅၀၀ ကို

- ➢ ကိုယ်ဝန်ဆောင်စဉ်ကာလ၊
- ➢ မီးနေသည့်ကာလ၊
- ➢ ကလေးကို မိခင်နို့ချိုတစ်မျိုးတည်းသာ တိုက်ကျွေးနေစဉ်ကာလ၊
- ➢ ကလေးကို ဖြည့်စွက်စာ ကျွေးရသောကာလ၊

ဟူသော ကာလတို့တွင် အာဟာရပြည့်ဝသောအစားအစာများစားရန် အသုံးပြုရပါမည်။ ထိုသို့သောအစားအစာများကို အကျိုးရှိစွာစားသုံးရန် လိုအပ်ပါသည်။

**ကိုယ်ဝန်ဆောင်စဉ်ကာလ**

ဟူသော ကာလတို့တွင် အာဟာရပြည့်ဝသော အစားအစာများစားရန် အသုံးပြုရပါမည်။ ထိုသို့သော အစားအစာများကို အကျိုးရှိစွာ စားသုံးရန် လိုအပ်ပါသည်။

ကိုယ်ဝန်ဆောင်စဉ်ကာလတွင် တစ်နေ့လျှင် ထမင်းပုံမှန် သုံးနပ်စားရပါမည်။ ထို့ပြင် သရေစာတစ်ခုခု (ဥပမာ-ငှက်ပျောသီးတစ်လုံး၊ မြန်မာမုန့်တစ်ခုခု) သို့မဟုတ် ထမင်းအနည်းငယ် တစ်ကြိမ်ပို၍ စားရပါမည်။ ထိုအပိုအစာသည် အထောက်အပံ့ ကျပ် ၅၀၀ မှယူ၍ စားသုံးခြင်းဖြစ်သည်။ ကြက်ဥတစ်လုံး(သို့မဟုတ်) နွားနို့တစ်ခွက်(သို့မဟုတ်) အသီးတစ်လုံးဟူ၍လည်း ဥပမာပေး၍ ရပါသည်။

**မီးနေသည့်ကာလ**

နယ်ပယ်အမျိုးမျိုးတွင် ရိုးရာဓလေ့အမျိုးမျိုးရှိရာ မီးနေသည့်ကာလတွင် အသားများရှောင်ရသည့် ရိုးရာလည်း ရှိနေဆဲဖြစ်ပါသည်။ အဆိပ်ဖြစ်တတ်ခြင်း၊ အနာမကျက်ခြင်း စသည်ဖြစ်နိုင်သည်ဟူသော အယူအဆပင်။ ဟင်းသီးဟင်းရွက်စားလျှင် ကလေးအစာမကြေဟူသော အတွေးအခေါ်များလည်း ရှိပါသေးသည်။ သို့ဖြစ်၍ မီးနေမိခင်သည် ထမင်းကို ငါးကလေး၊ ငါးခြောက်၊ ဟင်းရည်တို့ဖြင့်သာ အဖော်လုပ်၍ စားရရှာပါသည်။ မွေးကင်းစကိုတိုက်သော နို့ရည်တွင် မည်သည့်အာဟာရ ပါဝင်နိုင်ပါတော့မည်နည်း။ ထိုဓလေ့ထုံးစံတို့ကို လုံးဝပယ်ဖျက်၍ အစာအုပ်စုအမျိုးမျိုးကို ပြည့်ဝစွာစားသုံးရမည်သာ ဖြစ်ပါသည်။

**ကလေးနို့ချိုတိုက်ကျွေးစဉ်ကာလ**

★ ကလေးငယ်အား မိခင်နို့တိုက်စဉ်ကာလတွင်လည်း ပုံမှန်အားဖြင့် ထမင်းသုံးနပ်၊ အပိုဆောင်းအားဖြင့် သရေစာ တစ်ခုခု(သို့မဟုတ်) ထမင်းအနည်းငယ် နှစ်ကြိမ်စားရပါမည်။

★ ဒေသထွက် အစားအစာမျိုးစုံကို နေ့စဉ် အချိုးကျကျ စုံလင်စွာစားရမည်ဖြစ်ပါသည်။ ဥပမာ ဧရာဝတီတိုင်းဒေသကြီးမှာဆိုလျှင် ငါးမျိုးစုံလင်စွာရရှိသည်သာ။အညာတစ်ခွင်တွင် မြေပဲစသော ပဲအမျိုးမျိုးကို ပို၍စားနိုင်သည်သာ။

★ မိခင်နို့ထွက်သန်စေရန် အထူးစီမံထားသောအစားအစာ မရှိပါပေ။ အစာအုပ်စု စုံလင်စွာနှင့် အစာပမာဏများများစားလျှင် နို့ကောင်းကောင်းထွက်ပေမည်မှာ မုချဧကန်အမှန်ပင်။

★ ဆယ်ကျော်သက် မိခင်တို့သည် အစားအစာ ပို၍စားရန် လိုအပ်သကဲ့သို့ ပိုမို၍လည်း အနားယူရန် လိုအပ်ပါသည်။

**ကြယ်လေးပွင့်အစာစီမံပါ**

စင်စစ် အထက်တွင် ဖော်ပြခဲ့သော ကာလသုံးရပ်စလုံး၏ အခြေခံအစားအစာများသည် ကြယ်လေးပွင့်အစားအစာများသာ ဖြစ်သင့်ပါသည်။ နေ့စဉ် ကြယ်လေးပွင့်လုံးပါအောင် စားသင့်ပါသည်။

| | |
|---|---|
| ★ ပထမကြယ် | - အခြေခံအစာ<br>ဆန်၊ဂျုံ၊အာလူး စသည်။ |
| ★ဒုတိယကြယ် | - ပဲအမျိုးမျိုး<br>ပဲကြီး၊ ပဲနီ၊ ကုလားပဲ၊ မြေပဲစသည်။ |
| ★ တတိယကြယ် | - သစ်သီး၊ဟင်းသီးဟင်းရွက်များ။<br>(ကိုယ်ခံအားကိုကောင်းစေသည်။ ဗီတာမင်အေနှင့် ရောဂါကာကွယ်နိုင်သော ဓာတ်များပါဝင်သည်။)<br>ဥပမာ- သင်္ဘောသီး၊ သရက်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ ဖရဲသီး၊ နာနတ်သီး စသည်။<br>မုန်လာဥနီ၊ ရွှေဖရုံသီး၊ ရွှေကန်စွန်းဥ၊ ကန်စွန်း၊ ဟင်းနုနယ် စသော အရွက်အစိမ်းများ။ |
| ★ စတုတ္ထကြယ် | - တိရစ္ဆာန်မှရသောအစားအစာများ (ကြီးထွားဓာတ်)<br>အသားအမျိုးမျိုး၊ ငါး၊ အသည်း၊ ကြက်ဥစသည်၊ နို့နှင့်နို့ထွက်ပစ္စည်းများ။ |

★ ဆီနှင့် ဆီထွက်အစေ့များ၊ ထောပတ် စသည်တို့လည်း ထည့်စားသောက်ခြင်းအားဖြင့် အချို့ဗီတာမင်ဓာတ်များ စုပ်ယူမှုကို အားပေးသည့်အပြင် အင်အားဓာတ်ကိုလည်း ပိုမိုရရှိစေပါသည်။

နမူနာအတွဲများ - ပုံမှန် ထမင်းသုံးနပ်မှ ယခင်စားမြဲမိသားစုဝင်ငွေမှ စားသုံးခြင်းဖြစ်ပါသည်။ (ကြယ်လေးပွင့်ပါဝင်အောင်စားပါမည်)

ထမင်း+ငါး+ရွှေဖရုံသီး+ပဲနီလေးဟင်းချို

ထမင်း+ကြက်သား+ကန်စွန်းရွက်ချဉ်ရည်ဟင်း+ပဲကြီးနှပ်

ယင်းထမင်းသုံးနပ်အပြင် အစားအစာ အထောက်အပံ့ ၅၀၀ ကျပ်မှ အပိုဆောင်း၍စားရန်-

ဥပမာ-ကြက်ဥတစ်လုံး၊ ပေါင်မုန့်တစ်ချပ်၊ ရွှေကန်စွန်းဥပြုတ်(သို့မဟုတ်) သင်္ဘောသီးတစ်ခြမ်းဆိုလျှင် ၅၀၀ ကျပ်ဖိုး ရမည်ဖြစ်ပါသည်။

**ဆက်လက်မှာကြားချက်များ**

ကိုယ်ဝန်ရှိသည်ကို သိသိချင်း စောစီးစွာ ကိုယ်ဝန်စောင့်ရှောက်မှုကို ခံယူရန် (အနည်းဆုံးလေးကြိမ် ကိုယ်ဝန်စောင့်ရှောက်မှုခံယူရန်)

- ➢ ရေငတ်တိုင်း ရေများများသောက်ရန်၊
- ➢ ကော်ဖီလျှော့သောက်ရန်၊
- ➢ သံဓာတ်အားဆေးနှင့် ဖောလစ်အက်ဆစ်သောက်ရန်၊
- ➢ ကိုယ်ဝန် ကိုးလမှ ကလေးငယ်မွေးပြီးသုံးလအထိ ဗီတာမင်ဘီ(၁) သောက်ရန် (အာရုံကြောများ ရှင်သန်ရန်)
- ➢ လည်ပင်းကြီးရောဂါကြောင့် ကလေးဉာဏ်ရည်ချို့တဲ့နိုင်သဖြင့် ယင်းရောဂါကိုကာကွယ်ရန် ဟင်းချက်လျှင် အိုင်အိုဒင်းဆားအမြဲသုံးရန်
- ➢ မိခင်နို့တွင် ဗီတာမင်အေဓာတ် အပြည့်အဝရရှိစေရန် မွေးပြီးခြောက်ပတ်အတွင်း မိခင်က ဗီတာမင်အေသောက်ရန်။

**အစကောင်းကြပါစေ**


လွန်ခဲ့သည့်တစ်ပတ်မှ သတင်းအရ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးဖွားသော ကလေးငယ်စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကျော်သည် ကိုယ်အလေးချိန်မပြည့် မွေးဖွားလာကြောင်း သိရှိရပါသည်။ ကိုယ်အလေးချိန်မပြည့်သော မွေးကင်းစဆိုသည်မှာ ကိုယ်အလေးချိန် ငါးပေါင် ရှစ်အောင်စထက် လျော့နည်းသော ကလေးငယ်ကိုဆိုလိုပါသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုယ်ဝန်ဆောင်မိခင်တို့ အာဟာရပြည့်ဝအောင် မစားခြင်းနှင့် ရိုးရာဓလေ့ဟောင်းများကြောင့် အစားရှောင်ခြင်းတို့ကြောင့် အဖြစ်များကြောင်းလည်း သိရှိရပါသည်။

သို့ဖြစ်၍ ကလေးများဖွံ့ဖြိုးကြီးထွားရေးအတွက်ရည်ရွယ်၍ ထောက်ပံ့မည်ဖြစ်သော တစ်နေ့ ၅၀၀ ကျပ်ဖြင့် အထက်ဖော်ပြပါ အာဟာရပြည့်ဝသောအစားအစာများကျွေးမွေးစားသုံးသင့်ပါသည်။ ထိုသို့ အသုံးပြုခြင်းအစီအစဉ်သည် ကလေးများ၏အနာဂတ်အတွက် နေ့စဉ် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သဖြင့် အနာဂတ်၏ခေါင်းဆောင်ကောင်းလေးများ၏ အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ဒါလား နိုင်ငံတော်သမ္မတ

ဆရာ မောင်သာချို၏ 7 Day News Journal တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို စုပေါင်းထားသည့် ဒါလားနိုင်ငံတော်သမ္မတ အမည်ဖြင့် စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

စာအုပ်ခေါင်းစဉ်ပေးထားသည့် ဒါလားနိုင်ငံတော်သမ္မတ ဆောင်းပါးမှာ ကမ္ဘာ့အဆင်းရဲဆုံးသမ္မတဟုဆိုကြသည့် ဥရုဂွေးသမ္မတ ဟိုဆေးမူဇီကာ အကြောင်းရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘတ်စ်ကား အလကားစီးဖူးသလား ခေါင်းစဉ်ဖြင့် မလေးရှားနိုင်ငံ၏ အခမဲ့ဘတ်စ်ကားပြေးဆွဲပေးနေသည့် စနစ်အကြောင်း၊ သွားရတဲ့လမ်းနဲ့ နားရတဲ့စခန်း ခေါင်းစဉ်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအကြောင်း၊ တစ္ဆေသရဲတို့၏ မဲဆန္ဒများ ခေါင်းစဉ်ဖြင့် ရွေးကောက်ပွဲများတွင် တစ္ဆေမဲများဖြင့် ပြိုင်ဘက်ကို ညစ်သည့် နိုင်ငံများအကြောင်း၊ မြန်မာ့လှိုင်းများ ရိုက်ခတ်နိုင်ပါစေ ဟူသော ခေါင်းစဉ်ဖြင့် ကိုရီးယားလှိုင်း (Korea Wave) က ကိုရီးယား အနုပညာဂီတတို့ ကမ္ဘာကို ရိုက်ခတ်ပျံ့နှံ့နေပုံ အကြောင်းအရာများ ရေးဖွဲ့ထားသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ကြိုက်တဲ့ ဟိုလီဂိုလိုက်လီရဲ့လိပ်စာ၊ သာဒင်ကို ဘာထင်သလဲ လူ့အဖွဲ့အစည်း၊ တရားစွဲဖို့ခက်တဲ့ ကမ္ဘာ့ရာဇဝတ်သား၊ ငါတို့လက်ညှိုး ငါတို့ကမ္ဘာ၊ ကမ္ဘာအပြားပေါ်က အို-မြန်မာများ စသည့် ဆောင်းပါး ၃၃ ပုဒ်ပါဝင်သည်။

**အဆိုပါစာအုပ်ကို လင်းလွန်းခင်စာပေ တိုက်-၊ ပထမထပ်(လယ်) လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉၂၂၀၁၇၃၀၊ ၀၉၂၅၄၅၅၀၈၆၃၊ ၀၉၄၂၁၇၁၉၇၁၂ မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**




## ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏အတွေးပုံရိပ်များ

အောင်သန်းဘတူအင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော "ဆေးသုတေသနညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ အတွေးပုံရိပ်များ"ကိုပါမောက္ခအောင်သန်းဘတူနှင့်ပါမောက္ခအောင်ကြီးဘာသာပြန်ဆိုသည့် စာအုပ်ထွက်ရှိလာ သည်။

အဆိုပါစာအုပ်တွင် ဆေးသုတေသနညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ငယ်စဉ်ဘဝမှစ၍ စစ်အတွင်းကာလ အတွေ့အကြုံများ၊ စစ်ပြီးခေတ်မြို့မကျောင်းသားဘဝ၊ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခြင်းနှင့် ဆေးပညာမဟာဌာနတွင် ဆေးပညာဆက်လက်လေ့လာဆည်းပူးမှုအတွေ့အကြုံများပါဝင်သည်။ ပါမောက္ခအောင်သန်းဘတူ၏ ငယ်ရွယ်သောဘဝအကြောင်းများသာမက ညွှန်ကြားရေးမှူးချုပ်ဘဝ ကျင်လည်လှုပ်ရှားမှုများ၊ အတွေ့အကြုံများကို ပြုစုထားပြီးဆေးသုတေသနပညာရှင်များနှင့် ကျေးဇူးရှင် မိဘ၊ ဆရာသမားများနှင့် မိသားစုများ၏ ကျေးဇူးရှိပုံများကို ဂါရဝတရားမှတ်တမ်းထားကာ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသဖြင့် ဆေးပညာအတွေ့အကြုံသာမကပညာရှင်များ၏ဗဟုသုတများကိုပါ သိရှိရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကိုMMA Publishing House အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၇၈၈၆၃၊ ၃၈၀၈၉၉ က ဖြန့်ချိထားသည်။**




## လက်တွေ့အသုံးချ အကြောပညာ

ဓမ္မာစရိယ အဘိဝံသဘွဲ့ရ သမားတော်ကြီး ဦးသောင်းနိုင်ရေးသားပြုစုသည့် လက်တွေ့အသုံးချအကြောပညာစာအုပ်သည် မြန်မာဘုရင် အဆက်ဆက်သုံးစွဲခဲ့သော အကြောလက်တွေ့ကုထုံးနှင့် အိန္ဒိယသုံး အာယုဗ္ဗေဒ လက်တွေ့ကုထုံးများဖြင့် ကုသအောင်မြင်ခဲ့သည့်အတိုင်း အကျဉ်းချုပ်ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။

၎င်းအကြောပညာများသည် သဘာဝကုသနည်း၏ အစိတ်အပိုင်းဖြစ်သည်။ အတင်းအဓမ္မပြုခြင်း၊ အပြင်းအထန်ပြုလုပ်ခြင်းနှင့် လူကိုအန္တရာယ်မဖြစ်စေနိုင်သဖြင့် လူအားလုံးက လက်ခံကြသည်။ လက်တွေ့အသုံးချနိုင်သော နည်းပညာဖြစ်သည်။ သိပ္ပံနည်းကျသော နည်းပညာများဖြစ်သည်။ အားကိုးအားထားပြုကြသည်။ သို့သော် သိပ္ပံနည်းပညာများ ထွန်းကားလာသည့်အခါ ၎င်းအကြောပညာများ မှေးမှိန်စပြုလာ၏။ သို့သော် တရုတ်ပြည်တွင် ၎င်းအကြောကုသသော နည်းပညာရပ်များ အလွန်ကျယ်ပြန့်၍ ယနေ့အချိန်တွင် အပ်စိုက်ပညာအနေဖြင့် တစ်ကမ္ဘာလုံးသို့ ပြန့်ပွားလျက်ရှိသည်။ ၎င်းစာအုပ်တွင် အကြောဆရာ ခံယူချက်နှင့် သဘောထား၊ ရောဂါဖြစ်ခြင်းအကြောင်းရင်းနှင့် ပျောက်ကင်းရန် နည်းလမ်းများ၊ ကလေးပြုစောင့်ရှောက်နည်း၊ အမျိုးသမီးရောဂါ၊ အမျိုးသားရောဂါ၊ အိုမင်းခြင်းကို တားမြစ်နည်းစသည့် ရောဂါကုသနည်းမျိုးစုံပါဝင်သည်။

**အဆိုပါ စာအုပ်ကို ဇေယျာစာပေ အမှတ် ၈၄၅၊ သံသုမာလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ဖုန်း - ၀၉ -၇၃၀၃၁၃၁၄ မှ တန်ဖိုး ကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။**




## ကျောင်းသားစွယ်စုံ

ဆရာ ဦးဝမ်ထိန်ရေးသားပြုစုသော ကျောင်းသားလူငယ်တိုင်းအတွက် ဗဟုသုတဖြစ်ဖွယ်စကားလုံးအကြောင်းအရာပေါင်း (၁၀၀၀) ထည့်သွင်းဖော်ပြထားသည့် ကျောင်းသားစွယ်စုံ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

၎င်းစာအုပ်တွင် ကျောင်းသားလူငယ်များနှင့် ဗဟုသုတရှာမှီးစုဆောင်းလိုသူများ၊ စာရေးသူများ၊ သုတေသီများအတွက် အနည်းဆုံးသိသင့်သိထိုက်သည့် ဝေါဟာရ၊ အချက်အလက်၊ အကြောင်းအရာပေါင်း ၁၀၀၀ ကိုနှစ်ရှည်လများ ရှာဖွေစုဆောင်းကာ အဘိဓာန် သို့မဟုတ် စွယ်စုံကျမ်းပုံစံဖြင့် ရေးသားပြုစုထားသည်။ ၎င်းစာအုပ်ကို သုတပေါင်းချုပ်၊ ဗဟုသုတဘဏ္ဍာတိုက်၊ သုတဒိုင်ယာရီ စသည်ဖြင့် ခေါ်ဆိုနိုင်သည်။ အဆိုပါစာအုပ်ထဲတွင် ဝိဇ္ဇာသိပ္ပံဆိုင်ရာစကားလုံးများ၊ ပထဝီ၊ သမိုင်းဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံရေး၊ စာပေ၊ စီးပွားရေးဆိုင်ရာများ၊ ကမ္ဘာ့မြန်မာပုဂ္ဂိုလ်ကျော်များ၊ ရဟန်းများနှင့် အယူဝါဒများ၊ တက်သစ်စလူငယ်ကျောင်းသားများ သိသင့်သိထိုက်သော အကြောင်းရပ်များကိုလည်း လိုရင်းတိုရှင်းပုံစံဖြင့် ရေးသားဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို ပတ္တမြားငမောက်စာပေ အမှတ် ၁၆၁၊ ၃၃လမ်း (အထက်) ရန်ကုန်မြို့ ဖုန်း ၀၁ ၃၈၆၄၀၈၊ ၀၉၅၁၁၄၀၈၆ မှ တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**



## "ဇီဝဓာတ်ငွေ့နည်းပညာ"

ပတ်ဝန်းကျင်ထိန်းသိမ်းရေးစွမ်းဆောင်ရှင်ဆုရ ရွှေနဂါးတင်ဝင်း ရေးသားပြုစုသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးနှင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် " ဇီဝဓာတ်ငွေ့နည်းပညာ" " ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်ပြည်သူများထံသို့ အိတ်ဖွင့်ပေးစာ" စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

၎င်းစာအုပ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာ ဘာလဲ၊ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပုံ၊ မြန်မာနိုင်ငံတွင် ၁၉၉၀ ခုနှစ်ခန့်မှ စ၍ ယနေ့ထက်တိုင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဇီဝဓာတ်ငွေ့နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု အတွင်းသို့ ရောက်ရှိအောင်ဆောင်ရွက်နေသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်နှင့် REMA မှတာဝန်ရှိသူတို့၏ ဆောင်ရွက်ချက်များကို ဖော်ပြထားသည်။ ယခင်အစိုးရလက်ထက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကျေးရွာများတွင် ဇီဝဓာတ်ငွေ့အသုံးပြု ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံနှင့် မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်သည့် ထင်းအစား " ဇီဝဓာတ်ငွေ့အသုံးပြုရေး" စီမံကိန်း ရပ်ဆိုင်းသွားသော်လည်း နိုင်ငံပေါင်းများစွာတွင် ၎င်းစီမံကိန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပုံများကို ရေးသားဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို ရွှေနဂါးတင်ဝင်း စာပေ အမှတ် ၂၈၁ (က) ရွှေဂုံတိုင်လမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဟိုတယ်ရွှေဂုံတိုင်အနီး ဗဟန်းမြို့နယ် ဖုန်း ၀၉ ၅၀၉၁၆၂၈ မှ တန်းဖိုး ကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**




## ဝိမုတ္တိလွင်ပြင်သို့စေလိုရာစေ

စာရေးဆရာဝင်းလှိုင်ဦးက လူမှုဘဝပတ်ဝန်းကျင်မှ ကြုံတွေ့ခံစားရမှုများကိုစုစည်းရေးသားထားသည့် "ဝိမုတ္တိ လွင်ပြင်သို့စေလိုရာစေ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကိုဝိမုတ္တိလွင်ပြင်သို့စေလိုရာစေအမည်သညာခေါ်ဆိုထားသဖြင့် ဓမ္မရသစာအုပ်တစ်အုပ်ဟုထင်ရမည်ဖြစ်သည်။ သို့သော် နေ့စဉ်နှင့်အမျှကျင်လည်နေသော လူမှုဘဝ၊ အသိုက်အမြုံနှင့်ထိတွေ့ဆက်ဆံရာ၌မြေသည် လေ့လာ၍မကုန်သည့် သင်ခန်းစာများဖြစ်သလိုတစ်ဆက်တစ်စပ်တည်း၊ တစ်ပေါင်းတစ်စည်းတည်း ဖြစ်နေသည့် ဆေးစက်များဖြစ်နေရာထိုအစိတ်အပိုင်းများတွင် ပါဝင်နေသည့် စာရေးသူကသူကျင်လည်ဖြတ်သန်းရာ၊ ရှင်သန်လှုပ်ရှားရာ ကျရာဘဝကဏ္ဍများကို မေးခွန်းထုတ်စရာ၊ တွေးတောပိုင်းဆစ်စရာများဖြစ်သည့် စာစုများကို ဓမ္မရသစာစုများသဖွယ် စုစည်းဖွဲ့ဆိုခံစားတင်ပြထားသည်။ လူမှုဘဝအတွေ့အကြုံများကိုစာစုငယ် ၅၆ ခု စုစည်းခံစားထားသည်။

**စာအုပ်ကိုအရုဏ်ဦးစာပေ၊ အမှတ် ၂၄၀(မြေညီထပ်)၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၃၀၀၃၂၃၂ က တန်ဖိုး ကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားသည်။**




## ကွန်ပျူတာအဘိဓာန်

ကွန်ပျူတာအသုံးပြုနေသူများအတွက် နေမင်းရာဇာအယ်ဒီတာအဖွဲ့က ပြုစုသည့် "Computer Dictionary For All ကွန်ပျူတာအဘိဓာန်" စာအုပ်ထွက်ရှိလာသည်။

ထိုအဘိဓာန်စာအုပ်တွင် ကျောင်းသား၊ ကျောင်းသူများ၊ ကွန်ပျူတာဝါသနာရှင်များ၊ ကွန်ပျူတာအသုံးပြုနေသူများ၊ ကွန်ပျူတာကိုယခုမှ စတင်လေ့လာသူများ သဘောပေါက်နားလည်စေရန်အတွက် ရည်ရွယ်ပြုစုထားသည်။ စာအုပ်နိဒါန်းအစတွင် ကွန်ပျူတာနှင့်ပတ်သက်သည့် သဘောသဘာဝ အခြေခံဝေါဟာရအသုံးအနှုန်း အနည်းငယ်ကိုဖော်ပြထားပြီးအိုင်တီနယ်ပယ်တွင် အသုံးဝင်အတွင်ကျယ်ဆုံး ဝေါဟာရများ အဖြစ်လူသိ များသော Internet, Hardware, Software, Networking စသည့် မသိမဖြစ်ဝေါဟာရပေါင်း ၉၀၀ ကျော်ကို ရိုးစင်းလွယ်ကူစွာဖွင့်ဆိုဖော်ပြထားသည်။

**အဘိဓာန်စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်-ဝဲဘက်၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်-မိ၊ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉ ၇၇၃၇၇၄၇၃၃ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။**




## လွမ်းခဲ့ဖူးသလိုလိုနှင့်မဂ္ဂဇင်းဝတ္ထုများ

စာရေးဆရာမောင်မိုးယံ၏အတွေး၊ အရေး၊ ခံစားမှုများကိုစုစည်းထားသည့် "လွမ်းခဲ့ဖူးသလိုလိုနှင့်မဂ္ဂဇင်းဝတ္ထုများ"စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မဂ္ဂဇင်းဝတ္ထုရှည်စာမူခြောက်ပုဒ်နှင့်အခြားဝတ္ထုရှည်အပါအဝင် ဝတ္ထုရှည် ၁၀ ပုဒ်ကိုခံစားရေးဖွဲ့ထားသည်။ ဆိုးမိုက်ပေတေလွန်းသည့် တပည့်ကိုကျောင်းဆရာ၊ ဆရာမများကပို၍သံယောဇဉ်ကြီးတတ်၊ ချစ်တတ်ကြသော လူကြီးသူမများ၏ဘဝ။ သံသရာလည်နေသောရင်မောဖွယ်ရာ ပြည်တွင်းစစ်မီးလျှံ၏ အနိဋ္ဌာရုံများ။ ပတ်ဝန်းကျင်တွင် ခေတ်နှင့်စနစ်ရေစီးကြောင်းအတိုင်း ဖြတ်သန်းနေရသည့်မိသားစုဘဝ။ ဝန်ထမ်းဘဝတွင် ပေးဆပ်ရုံကလွဲ၍ မိမိအတွက်ရောမိသားစုအတွက်ပါ ဘာမျှရမသွားဘဲ မှုန်ဝါးဝါးနစ်မြုပ်သွားရသော လောကဓံ၏ခါးသီးသောဘဝ စသည်တို့ကို၂၀၁၃ ခုနှစ်အထိအပိုင်းပိုင်းကာအဆုံးသတ်ရေးဖွဲ့ ထားသည်။

**အဆိုပါစာအုပ်ကိုမောင်မိုးယံစာပေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၈၆၆၃ က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် တစ် ပြည်လုံးသို့ ဖြန့်ချိထားသည်။**

# ပရိသတ်ရှေ့အရောက်ပြန်လာတော့မယ့် BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လာမယ့်ဖေဖော်ဝါရီလအတွင်း အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာတော့မှာဖြစ်ကြောင်း အောကေပေ့ါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

BTS ဟာ လာမယ့်ဖေဖော်ဝါရီလ ၁၃ ရက်မှာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် "WINGS Sequel: You Never Walk Alone "ကို စတင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာလည်း BTS ရဲ့ "WINGS" တေးအယ်လ်ဘမ်ရဲ့ အဆက်ဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်သစ်မှာလည်း အဖွဲ့ဝင်တွေကိုယ်တိုင်ရေးသားထားတဲ့ တေးသီချင်းတွေ၊ ကိုယ်ပိုင်ဖန်တီးထားတဲ့ တေးဂီတတွေနဲ့ ထုတ်လုပ်မှုတွေ ပါဝင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ အိုင်ယူနဲ့ ဂျန်ကီဟာ





တောင်ကိုရီးယားအနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အိုင်ယူနဲ့ ဂျန်ကီဟာတို့ဟာ လတ်တလောမှာတော့ ချစ်သူတွေအဖြစ်ကနေ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အောကေပေ့ါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုတော်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါအောင်မြင်နေတဲ့ အိုင်ယူနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျန်ကီဟာတို့ဟာ ချစ်သူသက်တမ်းသုံးနှစ်ကျော်ကြာလက်တွဲလာခဲ့စဉ် ခေတ္တလမ်းခွဲမှုတွေလည်း ရှိခဲ့ပြီး ပြန်လည်ပြေလည်ခဲ့ကြဖူးပေမယ့် ယခုသီတင်းပတ်အတွင်းမှာတော့ အပြီးသတ်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သူတို့ရဲ့ ဖျော်ဖြေရေး အေဂျင်စီတွေက အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဂျန်ကီဟာရဲ့ ဖျော်ဖြေရေးအေဂျင်စီက "အိုင်ယူနဲ့ ဂျန်ကီဟာတို့ လမ်းခွဲလိုက်ပြီဆိုတာ မှန်ပါတယ်။ နောက်ဆုံးမှာ သူတို့နှစ်ဦးက လိုက်ဖော်ကိုင်ဖက်စီနီယာ၊ ဂျူနီယာတွေအဖြစ်ပဲ ဆက်လက်မြင်တွေ့ရတော့မှာပါ" လို့ လမ်းခွဲခဲ့တဲ့ သတင်းနဲ့ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ပါတယ်။

အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း အဆိုပါသတင်းနဲ့ ပတ်သက်ပြီး အလားတူထုတ်ပြန်မှုမျိုးကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

အိုင်ယူနဲ့ ဂျန်ကီဟာတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ရိုက်ကူးရေးတစ်ခုမှာ စတင်တွေ့ဆုံခဲ့တာဖြစ်ပြီး ဂျန်ကီဟာကို အိုင်ယူက မြင်မြင်ချင်းကြိုက်နှစ်သက်ခဲ့တာဖြစ်ကြောင်း အိုင်ယူက ဖွင့်ဟခဲ့ဖူးပါတယ်။ ချစ်သူတွေအဖြစ် နှစ်နှစ်ခန့်လက်တွဲပြီးတဲ့နောက် ၂၀၁၅ ခုနှစ်အတွင်းမှာ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ပရိသတ်တွေကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက် ချစ်သူသက်တမ်းသုံးနှစ်ခန့်မှာတော့ တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။



# ဟာဂျီဝန်ပြောလာတဲ့ အရွယ်တင်ဆေး

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဟာဂျီဝန်ဟာ သူ့ရဲ့ ထူးချွန်တဲ့ သရုပ်ဆောင်စွမ်းရည်ကြောင့်သာမက အရွယ်တင်နုပျိုကာလှပတဲ့ရုပ်ရည်ကြောင့် ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီလိုအရွယ်နဲ့မမျှအောင် နုပျိုလွန်းတဲ့ရုပ်ရည်နဲ့ပတ်သက်ပြီး လျှို့ဝှက်ထိန်းသိမ်းတဲ့နည်းလမ်းကို ဟာဂျီဝန်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ ဟာဂျီဝန်က သူ့ကိုအရွယ်တင်နုပျိုစေတဲ့ဆေးကတော့ ဖိအားတွေကင်းအောင်နေထိုင်ခြင်းသာဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။

နာမည်ကျော်တစ်ဦးဖြစ်သည်အထိ ကြိုးပမ်းခဲ့ရတဲ့ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ဖိအားတွေနဲ့ ကင်းအောင်နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့်လည်း ဖိအားတွေနဲ့ကြုံလာရတိုင်း အချိန်တိုတိုအတွင်း ဖျောက်ဖျက်ပစ်နိုင်အောင် ကြိုးပမ်းခဲ့ကြောင်း မင်းသမီးက ဆိုပါတယ်။

ဒီလိုကြိုးပမ်းရာမှာလည်း သူ့ရဲ့ကိုယ်ပိုင်နည်းလမ်းကို ဟာဂျီဝန်က ဖွင့်ဟခဲ့ပါတယ်။ မင်းသမီးက သူ့အနေနဲ့ စိတ်ဖိအားတွေနဲ့ ရင်ဆိုင်ရတဲ့အချိန်တိုင်း ကောင်းကင်မှာပျံ့ကြဲနေတဲ့ ကြယ်လေးတွေကိုငေးကြည့်တတ်ကြောင်း၊ ဒီလိုကြယ်စုံတဲ့ကောင်းကင်ကြီးကို ငေးကြည့်ရင်း အသားကင်လို အသားတစ်မျိုးမျိုးကိုပါ စားပစ်လေ့ရှိကြောင်းဆိုပါတယ်။ ဒါ့အပြင် သူ့ရဲ့ စိတ်ပင်ပန်းမှုတွေပြေပျောက်ဖို့အတွက် ဘီယာတစ်ပုလင်းလည်းလိုအပ်ပြီး အနီးအနားမှာ နှစ်ခြိုက်တဲ့တေးသီချင်းလေးတွေကိုဖွင့်ထားရင်း ဖယောင်းတိုင်လေးတွေကိုလည်း ဟိုနားဒီနားအနှံ့အပြားထွန်းထားလေ့ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါအင်တာဗျူးမှာ လတ်တလောမှာ အသက် (၃၈)နှစ်ရှိပြီဖြစ်တဲ့ ဟာဂျီဝန်က သူ့ရဲ့ ကျန်းမာအောင်နေထိုင်နည်းကိုလည်း ဖွင့်ဟလာခဲ့ပါတယ်။ ကျန်းမာစေဖို့ အာဟာရပြည့်ဝတဲ့အစားအစာများကို များများစားလေ့ရှိပြီး လေ့ကျင့်ခန်းကိုလည်း ပုံမှန်လုပ်ဆောင်လေ့ရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။

# အတူတွဲတွေ့ရပြန်တဲ့ ကန်ဒဲလ်ဂျန်ဒါနဲ့ A$AP Rocky



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်ဒါနဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ A$AP Rocky တို့ဟာ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ထွက်နေပြီး သူတို့နှစ်ဦးကိုလည်း မကြာခဏဆိုသလို အတူတွေ့မြင်ရလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၂ ရက်မှာလည်း သူတို့နှစ်ဦးကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အတူတွဲတွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပဲရစ်မှာရှိတဲ့ ဈေးတစ်ခုအတွင်း သူတို့နှစ်ဦး အတူလမ်းလျှောက်နေတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

လတ်တလောမှာ ကန်ဒဲလ်ဂျန်ဒါက ဆောင်းရာသီအတွက် ရည်ရွယ်ပြုလုပ်တဲ့ ပဲရစ်ဖက်ရှင်သီတင်းပတ်မှာ ပါဝင်လျှောက်လှမ်းဖို့အတွက် ပြင်သစ်ကိုရောက်ရှိနေတာဖြစ်ပြီး အဆိုပါဖက်ရှင်ပြပွဲပြီးနောက် သူတို့နှစ်ဦးကို ယခုလို အတူတွဲတွေ့ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ကန်ဒဲလ်ဂျန်ဒါနဲ့ A$AP Rocky တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်စပိုင်းကတည်းက ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးကိုလည်း အကြိမ်ကြိမ်အတူတွဲတွေ့ရလေ့ရှိပြီး ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းလောက်ကစပြီး မကြာခဏဆိုသလို အတူတွေ့မြင်ရတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ်ဦးကတော့ လတ်တလောအချိန်အထိ နှစ်ဦးကြားကဆက်ဆံရေးနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း သူတို့နှစ်ဦးကို နယူးယော့ခ်မှာရှိတဲ့ လက်ဝတ်ရတနာဆိုင်နဲ့ အမျိုးသားအဝတ်အထည်အရောင်းဆိုင်အတွင်းမှာ ဈေးဝယ်နေတာကို တွေ့မြင်ခဲ့ကြရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာလည်း သူတို့နှစ်ဦးကို မိုင်ယာမီနိုက်ကလပ်တစ်ခုမှာ ပါတီပွဲဆင်နွှဲတာ ပါတီပွဲအပြီးမှာ အတူထွက်ခွာသွားတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် လော့စ်အန်ဂျလီစ်မှာရှိတဲ့ စားသောက်ဆိုင်နှစ်ဆိုင်မှာလည်း ပါတီပွဲတွေ အတူကျင်းပခဲ့တာ တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ကန်ဒဲလ်ဂျန်ဒါဟာ A$AP Rocky နဲ့ တွဲနေစဉ်ကာလတွေအတွင်း အခြားသော နာမည်ကျော်ကြယ်ပွင့်တွေနဲ့လည်းတွဲခဲ့ပြီး သတင်းတွေထွက်ခဲ့သူလည်း ဖြစ်ပါတယ်။

အေးပြည့် – စုစည်းသည်

# ချင်းပြည်နယ်၏ရင့်ကျက်တည်ငြိမ်သည့် 'ခေါ်နူးစုမ်' ... ယမန်နေ့မှအဆက်



ဂျင်းအပြင် ပြောင်၊ တောဆိတ်၊ တောင်ဆိတ်၊ တောခွေး၊ မျောက်လွှဲကျော်၊ ချေ၊ ဆတ်၊ တောဝက်၊ ခွေးအ၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်၊ ကြောင်ကတိုး၊ ဝန်ကြောင်၊ ကြောင်မင်း၊ သင်းခွေချပ်စသည့် နို့တိုက်သတ္တဝါများလည်း ကျက်စားနေထိုင်လျက်ရှိပါသည်။ အထူးသဖြင့် မျက်ခုံးဖြူငှက်ပြာခြောက် (Sittavictoriae) ငှက်မျိုးသည် မြန်မာနိုင်ငံတွင်သာတွေ့ရှိနိုင်ပြီး ခေါ်နူးစုမ်အမျိုးသားဥယျာဉ်၏ ဒေသရင်းငှက်မျိုးစိတ်လည်းဖြစ်ပါသည်။ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ တွားသွားသတ္တဝါ ၁၀၅ မျိုး၊ နို့တိုက်သတ္တဝါ ၃၅ မျိုး၊ လိပ်ပြာ ၇၇ မျိုး၊ အခွံမာပိုးကောင် ၃၅ မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါ ၁၀၆ မျိုး၊ အပင်မျိုးစိတ် ၂၅၀၀ ကျော်၊ ရေညှိပင်မျိုးစိတ် ၁၅၂ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၀၉ မျိုးရှိကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

## ခေါ်နူးစုမ်အမျိုးသားဥယျာဉ်

ခေါ်နူးစုမ်အမျိုးသားဥယျာဉ်သည် အရေးကြီးသော ရေဝေထိန်းသိမ်းရေးဒေသကြီးဖြစ်သည့်အပြင် ဇီဝမျိုးစုံ၊ မျိုးကွဲများစုံလင်ရာ ဒေသကြီးတစ်ခုလည်းဖြစ်ပါသည်။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) နယ်မြေ ၂၁ ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း သိရှိရသည်။ တောင်ကုန်း၊ တောင်တန်းများ ထူထပ်ပြီး မြစ်သာမြစ်၊ လေးမြို့မြစ်၊ မုန်းချောင်း၊ မောချောင်း၊ ယောချောင်းတို့၏ အဓိကရေဝေဒေသကြီးဖြစ်သည်။

မြင့်မားသော ခေါ်နူးစုမ်၏အရှိန်အဝါကြောင့် တိမ်တောင်တိမ်လိတ်များပင် ဦးခိုက်ရသည်။ အဆိုပါ တိမ်တောင်တိမ်လိတ်များကပင် တိမ်ပင်လယ်ကြီးကဲ့သို့ ကန်ပက်လက်မြို့လေးအား လွှမ်းခြုံထားသည်။ တိမ်ပေါ်တည်ဆောက်ထားတဲ့ မြို့ဟုပင်တင်စားမိသည်။ ခေါ်နူးစုမ်တောင်ခြေတွင် ခေါ်နူးစုမ်အမျိုးသားဥယျာဉ် ဆိုင်းဘုတ်စိုက်ထူထားသဖြင့် အမှတ်တရဓာတ်ပုံရိုက်ယူနိုင်သည်။ လမ်းပေါ်တွင် ချယ်ရီပန်းကြွေများဖုံးလွှမ်းနေသည်မှာ ပန်းခင်းသောလမ်းကဲ့သို့ဖြစ်နေသည်။ ယင်းစဉ်က ချယ်ရီပန်းများကို စာအုပ်ကြားညှပ် အခြောက်ခံ၍ ခင်မင်ရင်းနှီးသောသူများကိုပေးပို့ခဲ့သူများရှိသကဲ့သို့ အမှတ်တရသိမ်းဆည်းထားတတ်ကြသူများလည်း ရှိကြသည်။

တောင်ခြေမှကားဖြင့် ခေါ်နူးစုမ်တောင်ပေါ်သို့ တက်ရောက်ရာလမ်းခရီးတစ်လျှောက် မြူများထူထပ်စွာ ကျဆင်းတိုးဝင်လာတတ်သဖြင့် တစ်ခါတစ်ရံပေ ၈၀ ခန့်အတွင်းသာ မြင်ရခြင်းကြောင့် ယာဉ်မောင်းများ သတိထားမောင်းနှင်ကြရသည်။ တောင်အတက်လမ်းတစ်လျှောက် လမ်းဆင်းလျှောက်ပြီး လှပသောတောတောင်ရှုခင်းများ၊ သစ်ပင်များ၊ သစ်ခွများ၊ တောင်ကြား လျှိုများအတွင်း ဝင်ရောက်လွင့်မျောနေသော တိမ်တိုက်များကို ဓာတ်ပုံရိုက်ယူနိုင်သည်။ ခေါ်နူးစုမ်တောင်တွင် သစ်တောသုံးမျိုးကို တွေ့မြင်နိုင်ပြီး တောင်ခြေတစ်မိုင်မှ လေးမိုင်အထိ၊ ထင်းရှူးနှင့် ချယ်ရီပင်များ ပေါက်ရောက်၍ ငါးမိုင်မှ ခုနစ်မိုင်အတွင်း အမြဲစိမ်းသစ်တော ပေါက်ရောက်ကာ သက်တမ်းရင့်အပင်ကြီးများကြောင့် နေရောင်မကျရောက်အောင်ပင်ရှိနေသည်။ ရှစ်မိုင်မှ (၉၁/၂)မိုင်အတွင်း ထင်းရှူးနှင့်တောင်ဇလပ်ပင်များ ပေါက်ရောက်ပြီး ၁၀ မိုင်မှ ၁၃ မိုင်၊ ငါးဖာလုံအထိ တောင်ဇလပ်နှင့် ဝက်သစ်ချပင်များ ပေါက်ရောက်သည်။ ခေါ်နူးစုမ်တောင်ခြေ တစ်မိုင်ပတ်လည်နေရာတွင် မြို့ဟောင်းရှိခဲ့ပြီး ယခင်က ကန်ပုလဲဟု ခေါ်ဆိုခဲ့ကြောင်း၊ နံနက်ခင်းနေရောင်ကျရောက်ချိန်တွင် ညဘက်ကန်အတွင်းသို့ ကျဆင်းသော နှင်းစက် နှင်းခဲများမှာနေရောင်တွင် ပုလဲကဲ့သို့ လင်းလက်တောက်ပဖြူဖွေးစွာတွေ့မြင်ကြ၍ ကန်ပုလဲဟု ခေါ်ဆိုခဲ့ကြကြောင်း၊ ကာလရွေ့လျားမှုကြောင့် ကန်ပက်လက်အမည်ဖြစ်လာကြောင်း၊ မြို့ဟောင်းနေရာမှာ အေးချမ်းလွန်းလှသဖြင့် ယခုကန်ပက်လက်မြို့နေရာသို့ ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## တောင်ဇလပ်ပန်း

လှပသော တောင်ဇလပ်ပန်းများနှင့် ဓာတ်ပုံရိုက်လိုက်၊ တိုးဝင်လာသော တိမ်များအား အဆုတ်ထဲထိ တစ်ဝ ရှူရိုက်၍ အမောဖြေလိုက်၊ တောင်တက်လိုက်၊ ကားပေါ်တက်စီးလိုက်ဖြင့် လွတ်လပ်ပေါ့ပါးစွာ စိတ်လွတ်ကိုယ်လွတ် အပန်းဖြေနိုင်သည်။ (၁၀) မိုင်ဇရပ်သို့ ရောက်ရှိသည်နှင့် ကားနှင့် တက်ရောက်ခွင့်မရှိတော့၍ ဆိုင်ကယ်ကယ်ရီသမားများအား ငှားရမ်းခေါ်ယူကာ ကျန်သုံးမိုင်၊ ငါးဖာလုံကို ဆိုင်ကယ်ဖြင့် တက်နိုင်ပါသည်။ တောင်ထိပ်ပိုင်းတွင် တောင်ဇလပ်ပင်များ၊ တောင်ဇလပ်ပန်းများနှင့် ထိတွေ့ခွင့်ရရှိသဖြင့် ဖော်မပြနိုင်သောဝမ်းသာကျေနပ်မှုမှတစ်ဆင့် တောင်ဇလပ်ပန်းပင်နားမှ မခွာချင်လောက်အောင်ပင် ဆွဲဆောင်မှုကိုခံရမည်ဖြစ်သည်။

ဆိုင်ကယ်တက်လမ်းတစ်လျှောက် လမ်းဘေး ဘယ်ညာရှိ အပင်များမှာ တောင်ဇလပ်ပင်များဖြစ်ပြီး တောင်ဇလပ်ပင်များမှာ ဘွန်ဆိုင်းပင်များကဲ့သို့ ပုံစံသွင်းထားသော အပင်များနှင့်တူလှသည်။ တောင်ထိပ်ပိုင်းကိုတော့ ခြေကျင်တက်ကြရသည်။ လမ်းဘေးဝဲ၊ ယာမှတောရိုင်းပန်းလေးများ၊ တောင်ဇလပ်ပင်များ၊ တိုးဝင်လွင့်မျောနေသော တိမ်လွှာများက ပန်းချီကားတစ်ချပ်၊ ကဗျာတစ်ပုဒ်ကဲ့သို့ အသက်ဝင်လှသည်။ အပြစ်ကင်းစွာ လှပလွန်းလှသည်။ တိမ်များက လေပြင်းများနှင့်အတူ လွင့်ပါမျောလွင့်နေသော်လည်း ထူထပ်စွာ ဆက်လက်လွင့် မျောနေမှုကြောင့် ကိုက် ၁၀၀ ဝန်းကျင်သာမြင်ရပြီး ကျန်မြင်ကွင်းများကတော့ အဖြူရောင်တိမ်များသာ မြင်ရမည်ဖြစ်သည်။ တောင်ထိပ်တွင်လေများ အဆက်မပြတ် တိုက်ခတ်မှု၊ ပေ ၁၀၅၀၀ ကျော်သို့ ရောက်ရှိနေသဖြင့် ပြင်းထန်သော အအေးဒဏ်ကြောင့် လက်ချောင်းများထုံကျင်ပြီးအကြောများကပ်ကာ ကွေးဆန့်ရန်ခက်လာနိုင်သည်။ အေးလွန်း၍ စကားကို ချောမွေ့စွာပြောနိုင်မည်မဟုတ်ပေ။ တောင်ထိပ်ပေါ်တွင် တည်ထားသော ငြိမ်းအေးချမ်းသာမြတ်စွာဘုရားရှင်နှင့် ဇိနမာန်အောင်စေတီတော်တို့ကို ဖူးမြော်ကြည်ညိုနိုင်သည်။ တောပန်းများ၊ တောင်ဇလပ်ပန်းများနှင့်မိသားစုများ၊ ချစ်သူစုံတွဲများ အမှတ်တရဓာတ်ပုံများကို စိတ်ကြိုက်ရိုက်ကူးရန် ကောင်းမွန်လှသည်။

ခေါ်နူးစုမ်တောင်၏အခြေတွင် ကန်ပက်လက်မြို့လေး တည်ရှိပြီး လိုင်စင်ရ ဟိုတယ်သုံးလုံးရှိကာ အခန်းပေါင်း ၆၇ ခန်းမှာ ခရီးသွားရာသီကာလတွင် ပြည်တွင်း၊ ပြည်ပဧည့်သည်များဖြင့် အမြဲပြည့်လျက်ရှိပါသည်။ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုအနေဖြင့် မင်းတပ်မြို့သို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ ၇၇၂ ဦး၊ ကန်ပက်လက်မြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ ၇၅၄ ဦးနှင့် ခေါ်နူးစုမ်အမျိုးသားဥယျာဉ်သို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ ၃၀၄ ဦး အသီးသီးလာရောက်လည်ပတ်ကြပြီး ခရီးသည်ရောက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကန်ပက်လက်မြို့ အောက်ဘက်မြေနိမ့်ပိုင်းတွင် ဆော်လောင်းကျေးရွာလေး တည်ရှိပြီး ရွာအရှေ့ဘက်တွင် လုံမောင်ရွာ၊ အနောက်ဘက်တွင် မကျောက်အားရွာ၊ အနောက်တောင်ဘက်တွင် လွန်ဒုံရွာ၊ မြောက်ဘက်တွင် ကန်ပက်လက်မြို့တည်ရှိပြီး ဧက ၃၀၀ ကျော်ကျယ်ဝန်းပါသည်။ ဆော်လောင်းရွာအား အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၈၆ ဦးရှိပြီး အိမ်ခြေ ၃၀ ဖြင့် တည်ဆောက်ထားပါသည်။ အသက် ငါးနှစ်အောက်ကလေး ၂၅ ဦး၊ ငါးနှစ်နှင့် (၁၇) နှစ်ကြား ၆၆ ဦး၊ (၁၈) နှစ်နှင့် (၅၉) နှစ်ကြား ၉၀ ဦးနှင့် အသက် (၆၀) နှစ်နှင့်အထက် ငါးဦးရှိပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးခြင်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကာ ပြောင်းဖူး၊ ကော်ဖီ၊ ထောပတ်၊ လက်ဖက်၊ ငှက်ပျော၊ ဝဥ၊ စပါးတို့စိုက်ပျိုးကြပါသည်။ မွေးမြူရေးအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို တစ်နိုင်မွေးမြူကြပါသည်။

## မီးပုံးပျံပွဲကျင်းပ

နွေ၊ မိုး၊ ဆောင်းရာသီဥတုသုံးမျိုး ခံစားကြရပြီး ဆောင်းရာသီတွင် အအေးလွန်ကဲမှုကြောင့် မီးဖိုများပြုလုပ်ကာ မိသားစုအလိုက် မီးလှုံပြီး စကားပြောကြသည်။ မိုးရွာလျှင် ယာထဲသို့ မသွားဘဲ တောင်းရက်၊ ခေါင်ရည်သောက်ကာ ဝိုင်းဖွဲ့စကားပြောကြသည်။ ဆော်လောင်းကျေးရွာမှာ မြို့နယ်လျှပ်စစ်မီး မရရှိသေး၍ ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် National Community Driven Department Project (NCDDP) မှ ဆိုလာမီးတပ်ဆင်ပေးထားပြီး ရေကို ဆော်လောင်းချောင်းမှ သွယ်ယူ အသုံးပြုကြသည်။ ဆော်လောင်းရွာတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ အိမ်ထောင်စု ၁၁ စုရှိပြီး အများစုမှာ ခရစ်ယာန်ဘာသာကိုးကွယ်ကြပါသည်။ ဒီဇင်ဘာလတွင် ရိုးရာပွဲနှင့် မီးပုံးပျံပွဲများ ကျင်းပကြပြီး လက်ထပ်ပွဲကို ဝက်သတ်ပွဲနှင့် မင်္ဂလာဆောင်ပွဲဟူ၍ နှစ်မျိုးကျင်းပကြပါသည်။

ဆော်လောင်းကျေးရွာတွင် ဆေးပေးခန်းမရှိသဖြင့် တစ်မိုင်ကွာဝေးသော ကန်ပက်လက်မြို့သို့ သွားရောက်ကုသရပါသည်။ အခြေခံမူလတန်းကျောင်း တစ်ကျောင်းရှိပြီး ဆရာမ သုံးယောက်ရှိသည်။ မူလတန်းအောင်မြင်ပြီးပါက ကန်ပက်လက်မြို့ရှိ အထက်တန်းကျောင်းသို့ ခြေကျင်တက်ကြရသည်။ ချို့တဲ့ နွမ်းပါးမှုကြောင့် ခုနစ်တန်း၊ ရှစ်တန်းရောက်သည်နှင့် တောင်ယာလုပ်ငန်းသို့ ဝင်ရောက်ကြသည်။ ၁၀ တန်းအောင် ရှစ်ဦးသာရှိသဖြင့် ချို့တဲ့နွမ်းပါးမှုကပင် ပညာရေးအတွက် အဓိကအကြောင်းအရာ ဖြစ်နေသည်။ ကျပန်းလုပ်ကိုင်သူများမှာတစ်နေ့ဝင်ငွေ ကျပ် ၅၀၀၀ ရရှိကာ ဥယျာဉ်ခြံစိုက်ပျိုးသူမှာ တစ်နှစ်လျှင် နှစ်သိန်းခန့်ဝင်ငွေရှိပြီး တောင်ယာလုပ်ကိုင်သူသည် တစ်နှစ်လျှင် ခြောက်သောင်းရရှိကြောင်း သိရသည်။

အဆိုပါဆော်လောင်းကျေးရွာလေးတွင် နိုင်ငံတကာခရီးသည်များကို ဆွဲဆောင်နိုင်သည့် ချင်းရိုးရာအိမ်များ၊ ချင်းရိုးရာဓလေ့ထုံးတမ်းအစဉ်လာများ၊ ကျောက်ပျဉ် (ရိုးရာနတ်)ပွဲတော်၊ ချင်းရိုးရာအက၊ ချင်းတူရိယာများဖြင့် တီးမှုတ်ပြသမှုများ၊ ချင်းရက်ကန်း၊ ဝဥစိုက်ပျိုးရေး၊ ခေါင်ရည်ချက်လုပ်ငန်း၊ ချင်းအစားအစာများဖြင့် စုံလင်စွာရှိပါသည်။ အဆိုပါ သဘာဝပိုင်ဆိုင်မှုအရင်းအမြစ်များကို အသုံးချ၍ ဆော်လောင်းကျေးရွာ၏ လူမှုစီးပွားဘဝမြင့်မားအောင် ကျေးရွာသူ၊ ကျေးရွာသားများ ကြိုးစားဆောင်ရွက်ရန် စိတ်အားထက်သန်မှုကို တွေ့မြင်နေရသည်။

## တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးအသင်းနှင့် Action Aid Myanmar တို့၏ ပူးပေါင်းပါဝင် ပံ့ပိုးကူညီမှုတို့ဖြင့် ခေါ်နူးစုမ်ကိုအခြေပြု၍ ဆော်လောင်းကျေးရွာသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအား ဆော်လောင်းကျေးရွာ၏ သဘာဝအရင်းအမြစ်များဖြင့် ဆွဲဆောင်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ကနဦးလေ့လာချက်အစီရင်ခံစာများတင်ပြခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လုပ်ငန်းစဉ်နှင့် အချိန်ကာလပိုင်းခြားခြင်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများရေးဆွဲခြင်း၊ လူ့စွမ်းအားအရင်းအမြစ်အတွက် သင်တန်းများပြုလုပ်ခြင်း၊ ဝန်ဆောင်မှု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုများ ချမှတ်ခြင်း၊ ဘေးအန္တရာယ်များအား ကာကွယ်စီမံခန့်ခွဲခြင်း၊ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ အခွင့်အလမ်းများခွဲဝေသတ်မှတ်ခြင်းစသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါဆောင်ရွက်မှုများ၏ရလဒ်အဖြစ် ခေါ်နူးစုမ်တောင်ခြေရှိ ဆော်လောင်းကျေးရွာတွင် ပြည်တွင်းပြည်ပဧည့်သည်များအား လက်ခံဆောင်ရွက်မည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကန်ပက်လက်တာဝန်ခံ ဦးဆလိုင်းအိုက်ဇက်ခင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းနားတွင် ဝန်ကြီးဦးဆလိုင်းအိုက်ဇက်ခင်က "ယနေ့သည် ချင်းပြည်နယ်တွင် ပထမဦးဆုံး လူထုအခြေပြု ခရီးသွားလုပ်ငန်းဖွင့်လှစ်သော နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွက် အလွန်ဂုဏ်ယူပါကြောင်း၊ ချင်းပြည်နယ် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်ဒေသများသည် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများဖြစ်ပြီး CBT ကြောင့် တစ်ရွာလုံးချမ်းသာမှုမရရှိသည့်တိုင် ချင်းကလေးငယ်များ၏ ကျန်းမာရေး၊ ပညာရေးတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ချင်းတိုင်းရင်းသားတို့၏ အိပ်မက် မက်ခွင့်၊ အိပ်မက်ရှင်သန်ခွင့်ရရှိလာမည်ဖြစ်ကြောင်း၊ ဆော်လောင်းကျေးရွာ၏ လူထုအခြေပြု ခရီးသွားလုပ်ငန်း အောင်မြင်ပါစေ၊ ချင်းတိုင်းရင်းသားများ၏ လူမှုဘဝများ တိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်း" ပြောကြားသွားပါသည်။

## အတွေးထဲကိုယ်စီစီးဝင်

ဖွင့်ပွဲအခမ်းအနားသို့ ဆော်လောင်းကျေးရွာရှိ ချင်းတိုင်းရင်းသားများအားလုံး တက်ရောက်ကြပြီး ကျေးရွာသူကျေးရွာသားများ၏ မျက်ဝန်းများထဲတွင် မျှော်လင့်မှုများ ထက်သန်မှု၊ လင်းလက်တောက်ပမှုများကို အထင်းသားတွေ့မြင်ရသည်။ နိမ့်ပါးစွာနေထိုင်လာခဲ့ရပြီး ဘဝခရီးတစ်လျှောက်တွင် ပြင်းထန်သော လောကဓံရိုက်ချက်များကို ခံစားဖြတ်သန်းလာခဲ့ရသော ၎င်းတို့၏ နှလုံးသားတွင်လည်းကောင်း၊ မျက်ဝန်းတွင်လည်းကောင်း မျှော်လင့်ချက်ရောင်ခြည်များယှက်သန်းလို့ ဝင်ရောက်လာပြီကို သူတို့၏ အမူအရာများက သက်သေခံနေသည်။ ပြုံးပျော်နေကြသည်။ တက်ကြွရှင်လန်းနေကြသည်။ ဖွင့်ပွဲမတိုင်မီကပင် နိုင်ငံခြားသားဧည့်သည်များ လာရောက်တည်းခိုနေထိုင်နေကြပြီးဖြစ်သည်။ စည်းလုံးညီညွတ်မှုကြောင့် ရရှိထားသောအသီးအပွင့်များကို ချက်ချင်းကြုံတွေ့ခံစားရပြီ။ မကြာမီလည်းလာရောက်ကြတော့မည်။ လာရောက်ကြတော့မည့် ဧည့်သည်များအပေါ် မည်သို့မည်ပုံ ဧည့်ဝတ်ပြုကြမည်ကို သူတို့၏အတွေးထဲတွင် ကိုယ်စီစီးဝင်နေကြပြီဖြစ်သည်။

တည်းခိုဆောင်များကို ဒေသထွက် သစ်၊ ဝါး၊ ဓနိများဖြင့် တဲခြောက်လုံး တည်ဆောက်ထားကာ တဲတစ်လုံးလျှင် နှစ်ယောက်တည်းခိုနိုင်သဖြင့် ၁၂ ဦး တစ်ပြိုင်တည်း တည်းခိုနိုင်ပါသည်။ တစ်ခန်းလျှင် နိုင်ငံခြားသားဆိုပါက ၅၅ ဒေါ်လာ၊ ပြည်တွင်းဧည့်သည်ဆိုပါက ငွေကျပ် ၅၅၀၀၀ သတ်မှတ်ထားသည်။ နိုင်ငံခြားသားတစ်ဦးလျှင် ကျသင့်မည့် ၅၅ ဒေါ်လာအနက် တည်းခိုစရိတ် ၁၅ ဒေါ်လာပါဝင်ပြီး ၎င်းမှ ၁၀ ဒေါ်လာကို ကုမ္ပဏီကလည်းကောင်း၊ ၅ ဒေါ်လာကို မြေပိုင်ရှင်ချင်းတိုင်းရင်းသားကလည်းကောင်း ရရှိမည်ဖြစ်ပါသည်။ ကျန် ဒေါ်လာ ၄၀ မှာ ဆော်လောင်းကျေးရွာမှရရှိမည်ဖြစ်ကာ ကဏ္ဍအလိုက် ခွဲဝေရာတွင် ရွာဝင်ကြေး ၁၀ ဒေါ်လာ၊ မီးပုံပွဲ ၁၀ ဒေါ်လာ၊ နံနက်စာ ၅ ဒေါ်လာ၊ နေ့လယ်စာ ၇ ဒေါ်လာ၊ ညစာ ၈ ဒေါ်လာ ဖြစ်ပါသည်။

အဆိုပါဆော်လောင်းကျေးရွာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွင့်ပွဲအခမ်းအနား မတိုင်မီကပင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀ ဦးလာရောက်တည်းခိုနေထိုင်၍ ကျေးရွာလူမှုဘဝ၊ ဓလေ့စရိုက်များကို ကြည့်ရှုလေ့လာကြသကဲ့သို့ ဆက်လက်လာရောက်ကြမည့် ခရီးသည်များလည်း ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရှိခဲ့ရခြင်းကြောင့် ဆော်လောင်းကျေးရွာလေးမှာရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဖြင့် အကျိုးကျေးဇူးများ ချက်ချင်းခံစားရရှိလျက်ရှိနေပါသည်။

## လူမှုစီးပွားများ ရောင်နီသန်း

သို့အတွက် ကန်ပက်လက်မြို့နယ်တွင် ထူထပ်စွာပေါက်ရောက်နေသည့် သက်တမ်းရင့် အမြဲစိမ်းတောများ၏ ရုက္ခဗေဒမျိုးစိတ်များဖြင့်လည်းကောင်း၊ သားငှက်တိရစ္ဆာန်များ၏ သတ္တဗေဒမျိုးစိတ်များဖြင့်လည်းကောင်း ရင့်ကျက်တည်ငြိမ်သော အလှအပများကို ပိုင်ဆိုင်ထားသည့် ခေါ်နူးစုမ်တောင်ကြီးအား လာရောက်လေ့လာအပန်းဖြေပြီး ချင်းပြည်နယ်တွင် ပထမဆုံး စတင်ဖွင့်လှစ်ကာ နုပျိုလန်းဆန်းမှုနှင့်အတူ တက်ကြွစွာ လှပနေသော ဆော်လောင်းကျေးရွာလေးတွင် ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများအား ထိတွေ့ခံစားနိုင်သဖြင့် မကြာသောအချိန်ကာလများတွင် ပြည်တွင်းပြည်ပဧည့်သည်များ အလျဉ်မပြတ် ဝင်ရောက်လာတော့မည်ကို မြင်ယောင်ရင်း ချင်းပြည်နယ် ကန်ပက်လက်ဒေသအနေဖြင့် ခရီးသွားလုပ်ငန်းဖြင့် မကြာမီကာလအတွင်း လူမှုစီးပွားများ ရောင်နီသန်းကာ တိုးတက်မြင့်မားလာစေမည့် အခွင့်အလမ်းကောင်းများအား မိမိရရဆုပ်ကိုင်ပိုင်ဆိုင်နေပြီကို ဝမ်းသာပီတိဖြစ်မိကာ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံဖော်ဆောင်ပေးနေသော တာဝန်ရှိသူများအား ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါသည်။

**မြင့်ထွေး(ဟိုတယ်/ခရီး)**

# ပြည်တွင်းရေးရာ

## ဆင်သေဆည်ရေ သောက်ရေအသုံးပြုတောင်သူများနှင့်ဆွေးနွေး

**တပ်ကုန်း ဇန်နဝါရီ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် (IBRD၊ IDA၊ THE WORLD BANK )မှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (ADSP) တို့ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်ရေအသုံးပြု တောင်သူများနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီက ညောင်လွန့်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေး၊ စီပွားရေး အသိပညာပေးစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းအောင်က ဆင်သေဆည်ရေသောက်စနစ် ပြုပြင်ရန်နှင့် တောင်သူများ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေး ဆွေးနွေးညှိနှိုင်းရှင်းလင်းခဲ့ပြီးနောက် နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလင်းလင်းစိုးက (တပ်ကုန်း) ဆင်သေဆည်ရေသောက် တောင်သူများအနေဖြင့် တူးမြောင်းအလိုက် ဆည်ရေအသုံးပြုတောင်သူများအဖွဲ့ ဖွဲ့စည်းခြင်းအကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် (တပ်ကုန်း)ဆင်သေဆည်ရေသောက်ဖြင့် နွေစပါးစိုက်ပျိုးရေ ဧက ၃၀၀၀ လျာထားခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ယင်းမာပင်မြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆွေးနွေး

**ယင်းမာပင် ဇန်နဝါရီ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးဝင်းမြင့်က သီးနှံ GAP ဆိုင်ရာ နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာက ဓာတ်မြေဩဇာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသန်းက မျိုးစေ့ဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းခြင်းနှင့် သီးနှံမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း နည်းဥပဒေများကို ဘာသာရပ်အလိုက် ရှင်းလင်းဆွေးနွေး ပို့ချကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပရိုဂျက်တာများ အသုံးပြု၍ အသိပညာပေး ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ယင်းမာပင်ဒေသရှိ တောင်သူများက တိုင်းဒေသကြီး ပညာပေးအဖွဲ့၏ ရှင်းလင်းဆွေးနွေးချက်များအပေါ် စိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိလိုသည့် မေးမြန်းချက်များကို တိုင်းဒေသကြီးမှ လာရောက်သည့် စိုက်ပျိုးရေးပညာပေးအဖွဲ့က ပြန်လည်ဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်အတွင်းရှိ တောင်သူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေသရဖူဖူး**

# သဘာဝမြေဆွေးများ တွင်ကျယ်စွာအသုံးပြုသွားမည်

**မင်းတုန်း ဇန်နဝါရီ ၂၃**
တောင်သူများ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်စေရေးနှင့် သဘာဝမြေဩဇာအစားထိုး အသုံးပြုနိုင်စေရေး မြေဆီလွှာထိန်းသိမ်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကာ (အီးအမ်) EM သဘာဝမြေဆွေးများ တွင်ကျယ်စွာ အသုံး ပြုမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်အရ စိုက်ပျိုးသီးနှံများတွင် ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ရေးနှင့် သဘာဝမြေဩဇာများကို အစားထိုးသုံးစွဲခြင်းဖြင့် တောင်သူများ ကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် အီးအမ်(EM) ကို အသုံးပြု၍ သဘာဝမြေဆွေးများကို မင်းတုန်းမြို့နယ်အတွင်းရှိ တောင်သူများ သဘာဝမြေဆွေးမြေဩဇာဖြင့် စနစ်တကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးဌာနမှ တောင်သူများအား ပညာပေးနိုင်စေရန် ဇန်နဝါရီ ၁၉ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးစံပြရွာအဖြစ် သတ်မှတ်နိုင်ခဲ့တဲ့ ဝန်တွင်းကျေးရွာမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြေဆွေးတွေ ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ အသင့်သုံး EM ဖျော်ရည်တွေကို စုဆောင်းခြင်း၊ တင်လဲရည်များ စုဆောင်းခြင်းတို့ကို စိုက်ပျိုးရေးဌာနမှ ဆောင်ရွက်ပြီး အမှိုက်တွေ စုဆောင်းခြင်း၊ နွားချေးတွေ စုဆောင်းခြင်းကိုတောင်သူတို့ စုဆောင်းစေပြီးတော့ မြေဆွေးများပြုလုပ်ရန် မြေနေရာရွေးချယ်ခြင်းတို့ကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်" ဟု မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးမြင့်လင်းက ပြောပြသည်။

၎င်း သဘာဝမြေဩဇာ ရရှိစေရေးအတွက် ပစ္စည်းများစုံလင်၍ အဆင်သင့်ဖြစ်သော မြေဆွေးပြုလုပ်ခြင်းကို စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်ပုံအဆင့်ဆင့်မှာ အလျား ခြောက်ပေ၊ အနံသုံးပေနှင့် အမြင့်သုံးပေရှိ စနစ်ကျသော မြေဆွေးပုံများကို ရရှိနိုင်ရန် ဝါးကပ်များဖြင့် ပုံစံချရကြောင်း၊ အောက်ဆုံးတွင် နွားချေးတစ်တင်းကို ညီညာစွာ ဖြန့်ခင်းပြီး အပေါ်မှ အမှိုက်သရိုက်များကို ညီညာစွာ ထည့်သွင်း၍ ရေများစိုရွှဲသည့်အထိ လောင်းကာ သိပ်သည်းမှုရစေရန် လူဖြင့်တက်နင်းရကြောင်းနှင့် ထိုအပေါ်တွင်ထပ်မံ၍ နွားချေးတစ်တင်းသားကို ညီညာစွာဖြူးချပေးခြင်း ၎င်းအပေါ်မှ အသင့်သုံး EM ဖျော်စပ်ပြီး ငါးဂါလန်ခန့် နှံ့စပ်အောင် လောင်းထည့်ရကြောင်း၊ တစ်လွှာအမြင့်ကို ခြောက်လက်မခန့်ရအောင်ဆောင်ရွက်ရကြောင်း၊ ဤကဲ့သို့ အမှိုက်ထည့်ခြင်း၊ ရေလောင်းခြင်း၊ နွားချေးထည့်ခြင်း၊ EM ရေလောင်းခြင်းတို့ကို အထပ်ခြောက်လွှာ၊ အမြင့်သုံးပေရသည့် အထိပြုလုပ်ပြီးပါက ဝါးကပ်ပြည့်အမြင့် သုံးပေရရှိပြီး ဝါးကပ်များကိုခွာလိုက်ပါက စနစ်ကျသပ်ရပ်သော EM အသုံးပြု ဆောင်ရွက်ထားသော မြေဆွေးပုံတစ်ပုံ ရရှိမည်ဖြစ်ပါသည်။

ထိုကဲ့သို့မြေဆွေးပုံ ငါးပုံလျှင် မြေဆွေးတစ်တန်ခန့် ရရှိမည်ဖြစ်သည်။ ဝန်တွင်းကျေးရွာတွင် မြေဆွေးပုံ အပုံ ၂၀ ကို တောင်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ပြီး လိုအပ်သောရေကို အနီးရှိချောင်းရေကို ကြိုတင်စုဆောင်းပြီး စက်ဖြင့်စုပ်တင်အသုံးပြုခဲ့သည်။ ရရှိလာသော မြေဆွေးများကို စိုက်ခင်းအတွင်းသို့ တိုက်ရိုက်ထည့်သွင်းခြင်း၊ ပုလဲမြေဩဇာနှင့် ရောစပ်အသုံးပြုခြင်းတို့ဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ပြီး တောင်သူစိုက်ပျိုးစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ထိုမြေဆွေးပုံများမှ ရရှိလာသော မြေဆွေးများကို ဝန်တွင်းကျေးရွာ၏မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း ဦးစီးမှူးဦးမြင့်လင်းက ထပ်မံရှင်းပြသည်။

ဝန်တွင်းကျေးရွာမှ ဆောင်ရွက်ထားသော မြေဆွေးပုံများကို မြို့နယ်အတွင်းရှိ တောင်သူများကို လာရောက်လေ့လာနိုင်စေရန်စီစဉ်ထားပြီး မင်းတုန်းမြို့နယ်အတွင်း သဘာဝမြေဆွေးများ ပြုလုပ်သုံးစွဲမှု ကျယ်ပြန့်လာစေရန် ပညာပေးစည်းရုံး ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေဆွေးပုံတွင် အသုံးပြုထားသော EM တွင်ပါဝင်သည့် အဏုဇီဝများသည် နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းကို မခံနိုင်သဖြင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်နိုင်ရန် HORTINET ကို အသုံးပြု၍ ရိပ်ကျဲစင်များ ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။

**ခွဲထက်ရှင်**



## တောင်သူအကျိုးပြု မိတ်ဆွေပိုးဥကပ်ပါးနဂျီအား စပါးခင်းများ၌ လွှတ်ပေး

**အိမ်မဲ ဇန်နဝါရီ ၂၃**
တစ်နိုင်တစ်ပိုင် စပါးစိုက်ပျိုးတောင်သူများ သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် စိတ်ချလုံခြုံသော ထုတ်ကုန်များ ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအကျိုးပြု မိတ်ဆွေပိုးဥကပ်ပါးနဂျီအား စပါးခင်းအတွင်းလွှတ်ပေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ တောင်သူ ဦးငွေသန်းစိုး၏ ဦးပိုင်အမှတ် (၁၇) ကွင်းအမှတ် (၄၃/၁၅၈၃) ၏ ဆင်းသုခနွေစပါး ၁၀ဧကတွင် ဥကပ်ပါးနဂျီဥကပ် တစ်ဧကကို ၄၀ ကပ်နှုန်းဖြင့် ဥကပ် ၄၀၀၊ နဂျီကောင်ပေါင်း ၄၀၀၀၀၀ ကိုစပါးခင်းအတွင်း လွှတ်ပေးခဲ့ကြောင်းသည်။

အဆိုပါ မိတ်ဆွေပိုးအား စပါးခင်း အတွင်း လွှတ်ပေးခြင်းအား တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြောင်းမြခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်လှလှထွေး၊ အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးခင်းတွင် ဥကပ်ပါးနဂျီကို သုံးကြိမ်လွှတ်ထည့်ရမည်ဖြစ်ပြီး ယခုပထမအကြိမ်ထည့်ပြီးနောက် ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကို နှစ်ပတ်စီခြား၍ လွှတ်ပေးခြင်းသည် စပါးစိုက်ခင်းတွင် ဖျက်ဆီးတတ်သည့် ထိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများ၏ဥများကို ဥကပ်ပါးပိုးများ နှိမ်နင်းစေခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲရန်မလိုအပ်တော့ဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာ စပါးခင်းများ စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း တက်ရောက်လာသည့် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**မြို့နယ် ပြန်/ ဆက်**

## ဘိုကာရှီမြေဆွေးပြုလုပ်ပုံနှင့် သုံးစွဲနည်းများ လက်တွေ့ပြသ

**မြိုင် ဇန်နဝါရီ ၂၃**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဒေါင်အိုကျေးရွာအုပ်စု ညောင်ညိုတောကျေးရွာ တောင်သူဦးစန်းဝင်းနှင့် ဦးအောင်မိုးတို့၏ နွေစပါးစိုက်ခင်းတွင် ထည့်သွင်းအသုံးပြုရန် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးကျော်ငွေးနှင့် ဒု-ဦးစီးမှူး ဒေါ်ခင်ပြုံးကြည်၊ ကွင်းတာဝန်ခံ လ/ထဦးစီးမှူး ဦးချစ်ဝင်း၊ ဦးအောင်ကျော်စိုး၊ ဦးရာဇမင်းထက်နှင့်ဝန်ထမ်းများသည် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက ညောင်ညိုတောကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများအား (၆ ပေ × ၃ ပေ × ၃ ပေ) ပတ်လည် အရွယ်အစားရှိ ဘိုကာရှီမြေဆွေးပုံများကို လက်တွေ့ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ငွေးက ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲခြင်းဖြင့် မြေဆီလွှာရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် အဏုဇီဝများ တိုးတက်လာပြီး မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်ခြင်း၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝများ၏ လှုပ်ရှားမှုတိုးတက်လာစေခြင်း၊ သီးနှံအရည်အသွေးကောင်းမွန်ခြင်း၊စပါးစိုက်ခင်းတွင် ကောက်ပင်လှန်စောပြီး အပင်ကြီးထွားမှု ကောင်းမွန်စေခြင်း၊ သီးနှံအစာချက်လုပ်မှု စွမ်းအားကို အားဖြည့်ပေးခြင်းနှင့် သီးနှံအထွက်နှုန်းပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိစေခြင်းစသည့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

